# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၇ ရက် | ၂၀၂၄ ခုနှစ်၊ ဇွန် ၁၃ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၅၂)


**ဗြဟ္မဏ**

နက်နဲသောပညာ ရှိသော၊ ထက်မြက်သောပညာ ရှိသော၊ လမ်းမှန်ဟုတ်သည် မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရားဟော၏။

ဗြာဟ္မဏဝဂ်(ဓမ္မပဒ-၄၀၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ(၂၀၂၄)ကျင်းပရေးဦးစီးကော်မတီညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြား

# ပညာရေးညီလာခံ (၂၀၂၄) က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁ ❍*


ယနေ့ ဖတ်စရာ

လူ့အခွင့်အရေးဖျက်ချိုးသူတွေ . . . — ဆောင်းပါး — စာ ၉

မိမိ၏ သန့်စင်သောသွေးဖြင့် အသက်များကို ကယ်တင်ကြပါစို့ — ဆောင်းပါး — စာ ၁၀

မွန်ပြည်နယ်ဒေသထွက် နာနတ်သီးများ အရောင်းအဝယ်သွက်လျက်ရှိ — စီးပွားရေးသတင်းများ — စာ ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမဝါယမစနစ်ကို လေ့လာခြင်း — ဆောင်းပါး — စာ ၁၆

# “နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်၊ ထိုသို့ အောင်မြင်ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကို ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်၍ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်”

❍ *ရွှေဖုံးမှ*

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၄) ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဦးတည်ချက်(၉)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လူမှုရေးဦးတည်ချက်ပါ **“တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး”** နှင့် **“နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး”** ဆိုသည့် ဦးတည်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်နိုင်ရန်အတွက် ပထမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃) ကို **“အနာဂတ်ပညာရေး ပိုမိုတိုးတက်ကောင်းမွန်စေရေး”** ဆိုသည့် ဦးတည်ချက်နှင့်အညီ ယမန်နှစ်က အောင်မြင်စွာ ကျင်းပခဲ့ပြီးဖြစ်ကြောင်း။

**စဉ်ဆက်မပြတ်မြှင့်တင်နိုင်**

ယခုနှစ်တွင် ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို တိုင်းချစ်ပြည်ချစ်စိတ်ရှိသည့် လူငယ်များပေါ်ထွန်းလာစေရန်၊ အရည်အသွေးပြည့်ဝသော ပညာတတ်များမွေးထုတ်ပေးနိုင်ရန်၊ ထုတ်လုပ်မှုကိုအားပေးသည့် သက်မွေးပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဆရာ ဆရာမများ၏ အရည်အသွေးကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်ရန်၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှုဖွံ့ဖြိုးတိုးတက်စေရန်နှင့် အရည်အသွေးအာမခံမှုရှိသည့် ပညာရေးစနစ် ပိုမိုအားကောင်းလာစေရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုကျင်းပပြုလုပ်မည့် ဒုတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)ကို **“လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေးကို ပိုမိုမြှင့်တင်ပေး”**ဆိုသည့် ဦးတည်ချက်ဖြင့် ဇွန် ၂၅ ရက်မှ ၂၇ ရက်အထိ ၃ ရက်တိုင်တိုင် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC–II) တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ကျင်းပနိုင်ရန်အတွက် နေပြည်တော်ကောင်စီအပါအဝင် ဝန်ကြီးဌာန ၁၃ ခုမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများပါဝင်သော ညီလာခံကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီ ၁၁ ခုတို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ဆပ်ကော်မတီနှင့် လုပ်ငန်းကော်မတီများကလည်း ညှိနှိုင်းအစည်းအဝေးများ ဆောင်ရွက်ပြီးစီးပြီဟု သိရှိရကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍသည် ပညာရေးဝန်ကြီးဌာနနှင့် ဆက်စပ် အခြားဝန်ကြီးဌာနများက နယ်ပယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် ပညာရေးညီလာခံသည်လည်း ဆက်စပ်ဝန်ကြီးဌာနများအားလုံးနှင့် သက်ဆိုင်သည်ကို သတိပြုစေလိုကြောင်းနှင့် ယနေ့အစည်းအဝေးတွင် ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန် ဖိတ်ခေါ်ပါကြောင်း။

ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့်ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်း ကဏ္ဍခြောက်ခုရှိမည်ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်းခြောက်ခုစီကို ဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း စာတမ်းအလိုက်၊ ဆွေးနွေးမှုများအလိုက် ဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာသည်အထိ အထူးအလေးထား ဆွေးနွေးသွားရမည်ဖြစ်ကြောင်း၊ ယခင်နှစ်တွင် ကဏ္ဍ ငါးခုအတွက် စာတမ်း ၄၂ စောင် ဖတ်ကြားခဲ့ပြီး ယခုနှစ်တွင် ကဏ္ဍခြောက်ခုအတွက် စာတမ်း ၃၆ စောင် ဖတ်ကြားသွားမည်ဖြစ်သည့်အတွက် စာတမ်းအရေအတွက် နည်းခြင်း များခြင်းထက် ရလဒ်ကောင်းများ ရရှိနိုင်ရေး ဦးတည်ရန်ကိုလည်း တိုက်တွန်းလိုကြောင်း၊ ထို့ပြင် ယခင်နှစ်ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် သုံးသပ်ချက်များအား အကောင်အထည်ဖော်ဆောင်ရာတွင် အောင်မြင်အောင်ဆောင်ရွက်နိုင်မှုများနှင့် ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများ ရှိနေသကဲ့သို့ ယခုနှစ်ညီလာခံ၏ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် ပညာရေးရလဒ်များနှင့် ကောင်းမွန်သည့် ပညာရေးအခြေအနေများရရှိစေရန် ဦးတည်၍ ဝိုင်းဝန်းဆွေးနွေးကြရမည် ဖြစ်ကြောင်း၊ ယခင်နှစ်ညီလာခံကဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များအပေါ် ဝန်ကြီးဌာနများအလိုက် သုံးသပ်ချက်များကိုလည်း အောင်မြင်အောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်နှင့် ရရှိပြီး အောင်မြင်မှုများကိုလည်း ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ရန် ကဏ္ဍအလိုက် ရေတိုရေရှည် အစီအမံများနှင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ပညာရေးညီလာခံက နိုင်ငံ၏ အနာဂတ်လူငယ်များအတွက် ကောင်းမွန်သည့်အဖြေများ၊ ကောင်းမွန်သည့် အချက်အလက်များနှင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် အထောက်အကူပြုမည်ဖြစ်ကြောင်း။

**ပြည်သူအားလုံးက ပညာ၏တန်ဖိုးကိုသိရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်၏ ပညာရေးအဆင့်အတန်း တိုးတက်လာရေးအတွက် အားသွန်ခွန်စိုက် ဆောင်ရွက်ပေးနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးများအားလုံး ကျောင်းတက်ရေးနှင့် KG+9 ပြီးမြောက်ရေးဆောင်ရွက်ခြင်း၊ အခြေခံပညာနှင့် စက်မှု၊ လက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ Naypyitaw State Academy ဖွင့်လှစ်ပေးခြင်း၊ အုပ်ချုပ်မှုစရိတ်နှင့် ထောက်ပံ့ငွေများ ချီးမြှင့်ခြင်း၊ စွမ်းရည်မြှင့်သင်တန်းများ ဖွင့်လှစ်စေခြင်း၊ စာတတ်မြောက်သူများ တိုးပွားလာစေရေးဆောင်ရွက်ခြင်း၊ စာဖတ်သောအလေ့အထ တိုးပွားလာအောင် ဆောင်ရွက်ပေးနေခြင်းတို့သည် ထင်ရှားသည့် သာဓကများဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၏ အားထုတ်မှုသာမက ပြည်သူအားလုံးက ပညာ၏တန်ဖိုးကို သိရှိပြီး အားထုတ်ခြင်းကသာ နိုင်ငံ၏ ပညာရေးရည်မှန်းချက်ကို အောင်မြင်စေမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ အောင်မြင် ကောင်းမွန်စေရန်အတွက် ယခုကဲ့သို့ ပညာရေးညီလာခံကြီးကို ကျင်းပဆောင်ရွက်ပေးနေခြင်းဖြစ်၍ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ နိုင်ငံတော်အဆင့်ကျင်းပမည့် ညီလာခံကြီးဖြစ်သည်နှင့်အညီ အောင်မြင်အောင် ဝိုင်းဝန်းဆွေးနွေးအကြံပြုဆွေးနွေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

**အောင်မြင်အောင် အကောင်အထည်ဖော်**

နိုင်ငံတော်ဝန်ကြီးချုပ်က “နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ ပညာရေး၊ ကျန်းမာရေးစသည့် လူမှုရေးကဏ္ဍနယ်ပယ်အသီးသီးတွင် မူလအခြေအနေကထက်ပင် ပိုမို၍ အဆင့်အတန်းမြင့်မားတိုးတက်လာစေရေး ဆောင်ရွက်ရမည်”ဟု လမ်းညွှန်မှာကြားထားသည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် အရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်ပေးနေသကဲ့သို့ သက်ဆိုင်ရာဝန်ကြီးဌာနများကလည်း မိမိတို့ တာဝန်ယူရသည့် ကဏ္ဍများကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ပညာရေးညီလာခံ (၂၀၂၄) အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ယခု ဦးစီးကော်မတီအစည်းအဝေးမတိုင်မီ ပညာရေးဝန်ကြီးဌာနက အကြိုညှိနှိုင်းအစည်းအဝေး ၄ ကြိမ် ခေါ်ယူဆွေးနွေးခဲ့ကြောင်း၊ အဆိုပါအစည်းအဝေးများတွင် ပညာရေးနှင့်ဆက်စပ်ဝန်ကြီးဌာနများက စာတမ်းခေါင်းစဉ်များ ရွေးချယ်ခြင်း၊ ဝန်ကြီးဌာနများအလိုက် စာတမ်းဖတ်ကြားရေး၊ ပြခန်းပြသရေး စသည့်တာဝန်များ ခွဲဝေဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄) အတွက် Theme Song ရေးစပ်ရာတွင်လည်း ညီလာခံ၏ ဦးတည်ချက်ကို အနှစ်သာရပေါ်လွင်အောင်စပ်ဆိုရန် တိုက်တွန်းလိုကြောင်း၊ ပညာရေးညီလာခံ (၂၀၂၄) က ထွက်ပေါ်လာမည့် ရလဒ်များသည် မြန်မာနိုင်ငံပညာရေး တိုးတက်ကောင်းမွန်စေရေးအတွက် အထောက်အကူဖြစ်စေနိုင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးက ကျရာကဏ္ဍ၊ ကျရာတာဝန်ကို ကျေပွန်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ၂၀၂၄ ခုနှစ်တွင် ကျင်းပမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဦးစီးကော်မတီအတွင်းရေးမှူး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် လုပ်ငန်းကော်မတီအတွင်းရေးမှူး(၁) ပညာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းတို့က မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄)၏ ရည်ရွယ်ချက်၊ ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကော်မတီများ ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့် ပညာရေးညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုံခြုံရေးဆပ်ကော်မတီ၊ စာတမ်းလက်ခံခြင်းနှင့် စိစစ်အတည်ပြုရေး ဆပ်ကော်မတီ၊ ပြခန်းများ ခင်းကျင်းပြသရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ ညှိခံကျွေးမွေးရေးနှင့် ညစာစားပွဲကျင်းပရေးဆပ်ကော်မတီ၊ သတင်းနှင့်ပြန်ကြားရေးဆပ်ကော်မတီ၊ မှတ်တမ်းပြုစုရေးနှင့် ပုံနှိပ်ထုတ်ဝေရေးဆပ်ကော်မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီနှင့် ဘဏ္ဍာရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၄) အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ပြီးစီးမှုများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းဝေးသို့တက်ရောက်လာကြသူများက မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

❖ **ယခုနှစ် ပညာရေးညီလာခံတွင် ယခင်နှစ် ညီလာခံက ဖော်ထုတ်ရရှိခဲ့သည့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ Parallel Session များအလိုက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊သက်မွေးပညာ၊ ဆရာအတတ်ပညာနှင့် သုတေသနနှင့် တီထွင်ဆန်းသစ်မှုကဏ္ဍတို့အပြင် အရည်အသွေးအာမခံမှုဆိုသည့် ကဏ္ဍသစ်တစ်ခုကို ထပ်တိုးထားသည့်အတွက် စုစုပေါင်း ကဏ္ဍခြောက်ခုရှိမည်ဖြစ်ပြီး ကဏ္ဍတစ်ခုချင်းစီအလိုက် စာတမ်း ခြောက်ခုစီကို ဆွေးနွေးသွားကြမည်ဖြစ်၊ ဆွေးနွေးမှုရလဒ်များကိုလည်း ပြန်လည်သုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကိုလည်း စာတမ်းအလိုက်၊ ဆွေးနွေးမှုများအလိုက် ဖော်ထုတ်သွားကြရမည်ဖြစ်၊ ထို့ပြင် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများ၊ တွေ့ကြုံရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည့် နည်းလမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ပေါ်ထွက်လာသည်အထိ အထူးအလေးထား ဆွေးနွေးသွားရမည်ဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ကြည့်ရှုအားပေး





**နေပြည်တော် ဇွန် ၁၂**

၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ရေကူးကန်၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

**ရေကူးအားကစားနည်းပါဝင်**

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အမှာစကားပြောကြားရာတွင် ရေကူးအားကစားနည်းသည် ကမ္ဘာ့အိုလံပစ်အားကစားပြိုင်ပွဲ၊ အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ စသည့်နိုင်ငံတကာ အားကစားပြိုင်ပွဲကြီးများတွင် ပြေးခုန်ပစ်၊ အလေးမ၊ လက်ဝှေ့အားကစားနည်းများကဲ့သို့ မဖြစ်မနေ ထည့်သွင်းကျင်းပသည့် အားကစားနည်းတစ်ရပ် ဖြစ်ပါကြောင်း၊ ရွှေတံဆိပ်အများဆုံး ချီးမြှင့်သည့် အားကစားနည်းများထဲတွင် ရေကူးအားကစားနည်း ပါဝင်ပါကြောင်း၊ ထို့ပြင် အားကစားသမား တစ်ဦးတည်းက ဆုတံဆိပ်များစွာ ရယူပေးနိုင်သည့် အားကစားနည်း တစ်ခုအဖြစ်လည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**စခန်းသွင်းလေ့ကျင့်**

ထို့ကြောင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ရာတွင် ရေကူးအားကစားနည်းကို မပျက်မကွက် ထည့်သွင်းကျင်းပပေးခဲ့ပါကြောင်း၊ ရေကူးအားကစားနည်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်နိုင်ရန်အတွက် အရည်အချင်းရှိပြီး နုပျိုထက်မြက်သည့် မျိုးဆက်သစ် အားကစားသမားများ စဉ်ဆက်မပြတ် ရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် ယခုပြိုင်ပွဲတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ ပြိုင်ပွဲဝင်အားကစားသမားများကို ကြီးကြပ်ကွပ်ကဲ လိုက်ပါလာကြသည့် အုပ်ချုပ်မှုအဖွဲ့များအနေဖြင့်လည်း မိမိတို့အသင်း အဆင့်မြင့်မြင့် ယှဉ်ပြိုင်အောင်ပွဲခံနိုင်ရေးအတွက် မိမိတို့ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းတွင် အဆင့်ဆင့်သော ပြိုင်ပွဲများ ကျင်းပပြီး စနစ်တကျ လူရွေးချယ်ကာ အချိန်အတိုင်းအတာတစ်ခုအထိ စခန်းသွင်း လေ့ကျင့် လာရောက်ယှဉ်ပြိုင်ခြင်းမျိုးဖြစ်အောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

အားကစားမောင်/မယ်များအနေဖြင့်လည်း မိမိတို့ကိုယ်စားပြု ယှဉ်ပြိုင်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်း အောင်နိုင်ရေးအတွက် မိမိတို့၏ အစွမ်းအစ အရည်အသွေးများကို အစွမ်းကုန်ဖော်ထုတ်ပြသပြီး အားကစားစိတ်ဓာတ် အပြည့်အဝဖြင့် အနိုင်မခံ အရှုံးမပေးဘဲ အကောင်းဆုံး ပါဝင်ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ ယခုပြိုင်ပွဲမှတစ်ဆင့် မြန်မာ့လက်ရွေးစင်အသင်းကို အင်အားဖြည့်တင်းနိုင်မည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားပြီး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ဝင်ရောက်ယှဉ်ပြိုင်သွားမည်**

၂၀၂၄ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ လူငယ်များ ရေကူးအားကစားနည်းကို ပိုမိုစိတ်ပါဝင်စားလာစေရေးနှင့် ထူးချွန်ထက်မြက်သည့် ရေကူးမျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရေးတို့အတွက် ရည်ရွယ်၍ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၁ သင်းနှင့် အမျိုးသမီးအသင်း ၁၁ သင်းတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေတာရှည်မြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၂၄) ဖွင့်ပွဲ ကျင်းပ



**တောင်ငူ ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက တောင်ငူခရိုင် ရေတာရှည်မြို့၌ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲသို့ တက်ရောက်ချီးမြှင့်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင် အထွက်နှုန်းရရှိရေး မျိုး၊ မြေ၊ ရေ၊ နည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အချိန်တိုအတွင်း အဓိကသီးနှံ ခြောက်မျိုးနှင့် နှမ်းစပါး ပန်းတိုင်အထွက်နှုန်း ရရှိခဲ့ပြီဖြစ်ကြောင်း၊ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၄) စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းကျောင်းရှိသည့် မြို့နယ်များတွင်လည်း ဆက်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးဆုရသည့် ဂုဏ်ထူးဆောင်လယ်သမားများက ကိုယ်တိုင်စိုက်ပျိုးအောင်မြင်မှုများ ရှင်းလင်းပြောကြားခြင်း၊ မိသားစု တစ်ဖက်တစ်လမ်းက ဝင်ငွေရရှိရေး မွေးမြူရေးလုပ်ငန်း အောင်မြင်နေသူများက မွေးမြူရေးဆိုင်ရာ သင်ကြားခြင်း၊ ကွင်းဆင်းသရုပ်ပြခြင်းတို့ကို စနစ်တကျ သင်ကြားပေးသွားမည် ဖြစ်၍ လေ့လာမှတ်သား သင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဒေသခံတောင်သူများအတွက် YSR-1 မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။ ယင်းနောက် စိုက်ပျိုးရေးဆိုင်ရာ သင်တန်းအထောက်အကူပြုပစ္စည်းများ၊ သင်တန်းသားအိပ်ဆောင်များ၊ ထမင်းစားဆောင်များကို လှည့်လည်ကြည့်ရှုသည်။ **(အပေါ်ပုံ)**

အဆိုပါ သင်တန်းကို သုံးရက်ကြာ စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဥယျာဉ်ခြံကိုင်းကူးကိုင်းဆက်နည်း၊ မြေစာရင်းဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ဆည်ရေအကျိုးရှိရှိ အသုံးချခြင်းဆိုင်ရာများ၊ လက်ဆွဲ ကောက်စိုက်စက် အသုံးပြုနည်းနှင့် ပျိုးထောင်မှုနည်းစနစ်များ၊ စိုက်ပျိုးမြေအား တန်ဖိုးရှိရှိ အသုံးချနည်းဆိုင်ရာများ၊ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ မျိုးစေ့ရောဂါ ကာကွယ်ခြင်း၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ သိမှတ်ဖွယ်ရာများ၊ ငါးမွေးမြူရေးနှင့် ဒေသကြက်မွေးမြူခြင်း စသည့် ဘာသာရပ်များကို စာတွေ့/ လက်တွေ့ သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## သာယာဝတီမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ် စိုက်ထူ

**သာယာဝတီ ဇွန် ၁၂**

၂၀၂၄ ခုနှစ် ဇွန် ၁၂ ရက်တွင် ကျရောက်သည့် ကလေးအလုပ်သမားဆန့်ကျင်တိုက်ဖျက်ရေးနေ့အဖြစ် သာယာဝတီမြို့နယ်၌ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးဆိုင်းဘုတ် စိုက်ထူခြင်းကို ယနေ့နံနက်က စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့၌ စိုက်ထူခဲ့သည်။

အဆိုပါ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲသို့ ခရိုင်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ ခရိုင်အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ တက်ရောက်ကြပြီး အသိပညာပေးဆိုင်းဘုတ်တွင် ကလေးအလုပ်သမားနှင့် ပတ်သက်၍ ဆိုင် (သို့မဟုတ်) ကုန်သွယ်အလုပ်ဌာန (သို့မဟုတ်) အများပျော်ရွှင်ရေး အလုပ်ဌာန၌ အသက် (၁၄) နှစ် မပြည့်သေးသောသူကို အလုပ်လုပ်ခွင့်မပြုရ၊ အသက် (၁၈) နှစ် မပြည့်သူကို အန္တရာယ်ရှိသော အလုပ်တွင် မလုပ်စေရ (သို့မဟုတ်) လုပ်ခွင့် မပြုရ၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ (သို့မဟုတ်) ဂုဏ်သိက္ခာပိုင်းဆိုင်ရာ ထိခိုက်မှုဖြစ်စေသော အလုပ်လုပ်ရန် ခိုင်းစေခြင်းမပြုရ၊ ကလေးအလုပ်သမားခိုင်းစေ ခြင်းအား အတူတကွ တိုက်ဖျက်ကြပါစို့၊ ကျွန်ုပ်တို့ကလေးများ၏ အနာဂတ်လုံခြုံစိတ်ချနိုင်ရန် ကလေးလုပ်သားခိုင်းစေခြင်းကို အဆုံးသတ်ခြင်းဖြင့် စတင်လုပ်ဆောင်ကြပါစို့ စသည့်အသိပညာပေး အကြောင်းအရာများနှင့် ကာတွန်းရုပ်ပြများ ပါဝင်ကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**



❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card ၊ Mobile Payment Account ၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးသည် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Charanjeet Singh Dewgun, YSM, ADG MI(A) ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**


ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ စစ်ဘက်ဆိုင်ရာများ ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့် အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်တို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦးနှင့် တပ်မတော် အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော်မှ တွဲဖက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှ အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed AL Faheem အား လက်ခံတွေ့ဆုံ



**နေပြည်တော် ဇွန် ၁၂**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ရန်ကုန်မြို့အခြေစိုက် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed AL Faheem အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ်မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့အကြား နှစ်နိုင်ငံအကျိုးတူ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

ယင်းတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မွန်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ အမှတ်စဉ် (၁/ ၂၀၂၄)နှင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အမှတ်စဉ် (၂/ ၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**မော်လမြိုင် ဇွန် ၁၂**

မွန်ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီအမှတ်စဉ် (၁/ ၂၀၂၄) နှင့် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အမှတ်စဉ် (၂/ ၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက် မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း လယ်ယာမြေပေါ်တွင် ခွင့်ပြုချက်မရရှိဘဲ အခြားနည်းအသုံးပြုမှုများနှင့် ပတ်သက်၍ သတ်မှတ်ထားရှိသော SOP နှင့်အညီ စိစစ်ဆောင်ရွက်နိုင်ရေးအတွက် ခရိုင်/မြို့နယ် မြေပြင်ကွင်းဆင်းစိစစ်ရေးအဖွဲ့နှင့် မြို့နယ်စောင့်ကြည့်စိစစ်ရေးအဖွဲ့များကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေအရ လျှောက်ထားသည့်လုပ်ငန်းစာတွဲများ၊ လယ်ယာမြေဥပဒေနှင့်အညီ လျှောက်ထားသည့် လုပ်ငန်းစာတွဲများနှင့် အယူခံမှုများနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ စိစစ်ဆေးဆုံးဖြတ်နိုင်ရေးအတွက် ကော်မတီအဖွဲ့များမှ ဝိုင်းဝန်းဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ **(အောက်ဝဲပုံ)**

ထို့နောက်ပြည်နယ်မြေစာရင်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမင်းသိန်းက ပြည်နယ်အတွင်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် မြေလွတ်၊ မြေရိုင်းမှ လယ်ယာမြေသို့ ပြောင်းလဲရန် လျှောက်ထားခြင်း ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တို့တွင် ယနေ့နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**မကွေး ဇွန် ၁၂**

ဇွန် ၁၂ ရက်(ယနေ့)တွင် ကျရောက်သည့် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင် တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မကွေးတိုင်းဒေသကြီးအလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကျော့ကျော့ရီက ကလေးအလုပ်သမား ဖြစ်ပေါ်စေသည့် အကြောင်းတရားများ၊ မူဝါဒနှင့် ဥပဒေအကြောင်းအရာ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှု အကြောင်းအရာများအား မကွေးတိုင်းဒေသကြီး အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်၊ အလုပ်ဌာနများမှ အလုပ်ရှင်နှင့်မန်နေဂျာများကို အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၂**

၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့ပတ်လမ်းဘေးရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှု သင်တန်းကျောင်းမြေနေရာ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့နှင့် ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က သစ်တောများနှင့် သစ်ပင်များကို အမြတ်တနိုး တန်ဖိုးထားပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ထပ်မံစိုက်ပျိုးခြင်းများသည် တိုင်းပြည်တစ်ပြည်အတွက် ကောင်းကျိုးများစွာကို ဖန်တီးပေးခြင်းဖြစ်သည့်အတွက် မိုးရာသီသစ်ပင်စိုက်ပွဲတော်များကို နှစ်စဉ်ကျင်းပခြင်းဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ်အတွက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ပုဒ်မှာ " သဲကန္တာရတိုက်ဖျက်ရေးနှင့် မိုးခေါင်ရေရှားဒဏ်ခံနိုင်ရေး မြေယာပြန်လည်ပြုပြင်ပေး" ဟူ၍ ဖြစ်ပါကြောင်း၊ ကမ္ဘာကြီး စိမ်းလန်းစိုပြည်စေရန် လူသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် အချိန်၊ ငွေ၊ လုပ်အား၊ အရင်းအနှီးများစွာ စိုက်ထုတ်ဆောင်ရွက်ရသည့်အတွက် တစ်ပင်စိုက် တစ်ပင်ရှင်၊ စိုက်သမျှအပင် ရှင်သန်စေရန်အတွက် စတင်စိုက်ပျိုးသည့်မှစ၍ စဉ်ဆက်မပြတ် ပြုစုထိန်းသိမ်းသွားရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော် အထိမ်းအမှတ်သစ်ပင်များကို ဦးဆောင်စိုက်ပျိုးပေးကြပြီး (ဝဲပုံ) ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်၏ဇနီး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ အရာရှိကြီးများနှင့် ဇနီးများ၊ တပ်ဖွဲ့ဝင်၊ ဝန်ထမ်းများက သတ်မှတ်နေရာများ၌ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၄ ခုနှစ် ပြည်ထဲရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ ပိတောက်၊ စိန်ပန်း၊ ငု၊ သပြေ စသည့်သစ်ပင်စုစုပေါင်း ပျိုးပင် ၁၀၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများ၏ ရုံးချုပ်များနှင့်တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ရုံး၊ ဌာနများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်များ၊ အရိပ်ရလေကာပင်များ၊ သီးပင်စားပင်များကို စုပေါင်းစိုက်ပျိုးလျက်ရှိရာ ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုလုံး အနေဖြင့် ယနေ့တွင် သစ်ပင် ၃၂၆၃၉ ပင်တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး Mrs. Ponnamperuma Arachchige Praba-shini Ponnamperuma အား ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာ - သီရိလင်္ကာ နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာရေး၊ နှစ်နိုင်ငံဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများကို အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ နှစ်နိုင်ငံအကြား ထေရဝါဒဗုဒ္ဓသာသနာတော်နှင့်ပတ်သက်၍ သံဃာတော်များအား ၎င်းတို့၏ ဆောင်ရွက်မှုအလိုက် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ နှစ်စဉ်ပေးအပ်လျက်ရှိမှု အခြေအနေ၊ သီရိလင်္ကာနိုင်ငံမှ ရွှေကျင်နိကာယ၊ ရာမညနိကာယ၊ အမရပူရနိကာယ၊ စိရမ်နိကာယ စသည့်နိကာယ လေးရပ်စလုံးမှ ထေရ်ကြီးဝါကြီးဆရာတော်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ချီးမြှင့်ဆက်ကပ်လျက်ရှိမှု၊ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ပတ်သက်၍ သံဃာတော်များအား နှစ်နိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် ပညာတော်သင် စေလွှတ် သင်ကြားပေးနိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံရှိ ထင်ပေါ်ကျော်ကြားသော တန်ခိုးကြီးဘုရားများသို့ သီရိလင်္ကာနိုင်ငံသားများ လာရောက်ဖူးမြော်နိုင်ရေးနှင့် ဘာသာရေး၊ ယဉ်ကျေးမှုအခြေပြုခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

**သတင်းစဉ်**

## လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲတော်ကို ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးငွေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သန်းခေါင်စာရင်းဆိုင်ရာ အုပ်ချုပ်မှုသင်တန်း တက်ရောက်နေသည့် သင်တန်းသားများ တက်ရောက်ကြသည်။



အခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သတ်မှတ်နေရာ၌ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ကံ့ကော်ပျိုးပင်များကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တက်ရောက်လာကြသည့် ဝန်ထမ်းများက သတ်မှတ်နေရာများ၌ ကံ့ကော်၊ ခရေ၊ ပိတောက်၊ တမာစသည့် အရိပ်ရ နှစ်ရှည်ပင်နှင့် ပန်းအလှပင်များကို တပျော်တပါး စုပေါင်းစိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ရေဝေရေလဲစနစ် မှန်ကန်စေရေးနှင့် မြေဆီလွှာခန်းခြောက်မှုကို ထိန်းသိမ်းနိုင်ရေး၊ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်၍ ဥတုရာသီညီညွတ်မျှတမှုရှိစေရေး၊ သင်တန်းကျောင်း အဆောက်အဦများ လေပြင်းဒဏ်ကာကွယ်နိုင်ရေးနှင့် သင်တန်းကျောင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည် သာယာလှပစေရေး စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် သစ်ပင်စိုက်ပျိုးပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားသင်တန်းကျောင်း ပရိဝုဏ်အတွင်း ကံ့ကော်၊ ခရေ၊ ပိတောက်၊ တမာစသည့် နှစ်ရှည်ပင် စုစုပေါင်း ၂၄၀ ကို တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇွန် ၁၂** - မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သံတွဲမြို့တွင် ၉ ဒသမ ၆၁ လက်မ၊ ကျောက်ဖြူမြို့တွင် ၅ ဒသမ ၅၁ လက်မ၊ ဂွမြို့တွင် ၄ ဒသမ ၁၃ လက်မ၊ အမ်းမြို့တွင် ၃ ဒသမ ၉၀ လက်မ၊ မိုးကုတ်မြို့တွင် ၃ ဒသမ ၈၅ လက်မ၊ ဘီးလင်းမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၄၄ လက်မ၊ ရန်ကုန် (ဗိုလ်တထောင်မြို့နယ်)တွင် ၂ ဒသမ ၃၆ လက်မ၊ မြစ်ကြီးနားမြို့တွင် ၂ ဒသမ ၂၈ လက်မနှင့် စစ်တွေမြို့တွင် ၁ ဒသမ ၉၇ လက်မတို့ဖြစ်ကြသည်။

**မိုး/ဇလ**

# သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုကော်မတီ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ



**နေပြည်တော် ဇွန် ၁၂** သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှုဗဟိုကော်မတီနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အဖွဲ့ဝင်များဖြစ်သော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ် သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက Online ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force–FATF)က မြန်မာနိုင်ငံအား တိုးတက်ဆောင်ရွက်မှုကို စောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများစာရင်းတွင် ထည့်သွင်းခဲ့ပြီး အကြံပြုချက်(၈)ချက်နှင့် ဆောင်ရွက်မည့် အစီအမံ(၁၅)ချက် ထုတ်ပြန်ခဲ့ရာ လက်ငင်းရလဒ် (Immediate Outcome 8.2)၌ နိုင်ငံ့ဘဏ္ဍာသိမ်းပြီးချိန်ထိ သိမ်းဆည်းထားသော ပစ္စည်းများ၏တန်ဖိုးကို ထိန်းသိမ်းနိုင်ရေးအတွက် သက်သေခံပစ္စည်းများ စီမံခန့်ခွဲမှုစနစ်တစ်ရပ် ထူထောင်ထားရှိရန်နှင့် လိုအပ်သောအရင်းအမြစ်များ ချထားပေးရန်ပါရှိကြောင်း၊ လက်ငင်းရလဒ် 8.2 နှင့်ပတ်သက်၍ အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်အဆင့်ကော်မတီများကို ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁၀ ရက်တွင် စတင်ဖွဲ့စည်းကာ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၆ ရက်တွင် ကော်မတီအဆင့်ဆင့်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၂၄၁/၂၀၂၃ ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့ကြောင်း၊ သက်သေခံပစ္စည်း စီမံထိန်းသိမ်းမှုကော်မတီများအနေဖြင့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားစွဲမတင်မီ၊ တရားစွဲတင်ပြီး တရားရုံးစစ်ဆေးဆဲ ကာလနှင့် တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းပြီး စီမံခန့်ခွဲမှုမပြုမီ ထိန်းသိမ်းထားသည့်ကာလများအတွင်း ပျက်စီး၊ ပျောက်ဆုံးခြင်း၊ တန်ဖိုးလျော့ကျခြင်းမရှိစေရေးအတွက် သက်သေခံပစ္စည်း ထိန်းသိမ်းရေးဆိုင်ရာ ညွှန်ကြားချက် ၄/၂၀၂၀ နှင့်အညီ စနစ်တကျ စီမံထိန်းသိမ်းရန် လိုအပ်ကြောင်း၊ တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရန် အမိန့်ချမှတ်ပြီးပါကလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၇ နှင့်အညီ စီမံခန့်ခွဲနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်းနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းမှုအခြေအနေများကို ဗဟိုကော်မတီသို့လည်း ပေးပို့တင်ပြရန် မှာကြားသည်။(ဝဲပုံ)

ထို့နောက် တက်ရောက်လာသော ဗဟိုကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီဥက္ကဋ္ဌများက သက်သေခံပစ္စည်း စီမံထိန်းသိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် သက်သေခံပစ္စည်းစီမံထိန်းသိမ်းမှု ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပြစ်မှုတစ်ရပ်ရပ်ဖြင့် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို တရားရုံးက နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းပါက နိုင်ငံတော်၌ ထိခိုက်နစ်နာမှုမရှိစေရန်နှင့် ရသင့်ရထိုက်သည့်သူအား ပြန်ပေးသည့် အခါတွင်လည်း နစ်နာမှုမရှိစေရန်အတွက် ထိန်းသိမ်းထားသည့် ကာလအတွင်း တန်ဖိုးလျော့ကျပျက်စီးမှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂** စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ သံအမတ်ကြီး Mr. Mutaz Abdullah Abduljaleel Mohamed Al Faheem အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံတို့အကြား ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ Green Energy အသွင်ကူးပြောင်းရေး ကဏ္ဍတို့တွင် နီးကပ်စွာပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်ဆိုင်ရာ နည်းပညာဆွေးနွေးပွဲများ ကျင်းပပြုလုပ်နိုင်ရေး၊ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံမှ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ရေးနှင့် ထုတ်လုပ်ရေးနှင့် ရေနံချက်စက်ရုံဆိုင်ရာ နည်းပညာများ လေ့လာနိုင်ရေးအတွက် အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာရှင်များစေလွှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။



တွေ့ဆုံပွဲသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**



မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်တွင် ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးဆိုင်းဘုတ်စိုက်ထူပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌ ဦးတင်မြင့်ဦး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်ကျော်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မြို့နယ်(ပြန်/ဆက်)

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းစိုးနိုင်၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ပြည်သူအားလုံးပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဇွန် ၁၂ ရက်က ဆောင်ရွက်စဉ်။ ဆုမွန်(ပြန်/ဆက်)





မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ဇွန် ၁၁ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်းနှင့်ဝန်ထမ်းများက လူမှုဘဝပြည့်စုံဖို့ နိုင်ငံသားကတ်ကိုင်ကြစို့ ဆောင်ပုဒ်နှင့်အညီ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် မရှိသေးသည့် ပြည်သူများကို ကွင်းဆင်းဆောင်ရွက်ပေးစဉ်။ မြို့နယ် (ပြန်/ဆက်)

# MSME လုပ်ငန်းများ ကျယ်ပြန့်လာစေရေး ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို ဖွင့်လှစ်ပို့ချသွားရမည်

**နေပြည်တော် ဇွန် ၁၂**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်သည့် Snack & Bakery နည်းပညာသင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး၊ MSME လုပ်ငန်းများ ကျယ်ပြန့်လာစေရေးအတွက် ရုံးချုပ်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာသင်တန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော်ပြီး လက်ဆင့်ကမ်းမျှဝေ ဖွင့်လှစ်ပို့ချသွားကြရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းမှ သင်ကြားပို့ချပေးလိုက်သည့် မုန့်ဖုတ်လုပ်သည့်နည်းပညာများကို မူပိုင်ခွင့်ဥပဒေနှင့်အညီ အခြေခံ၍ မိမိဘာသာဆန်းသစ်တီထွင်ကာ ကိုယ်ပိုင်အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းများကို ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားရုံသာမက နိုင်ငံ့ဝင်ငွေတိုးပွားစေရန် ကျရာကဏ္ဍမှဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း တိုက်တွန်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းမှ သင်ကြားပေးသည့် ပညာရပ်များကို ကောင်းစွာအသုံးချပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးလာနိုင်သည်နှင့်အမျှ ဝင်ငွေလည်းတိုးပွားလာမည်ဖြစ်သည့်အတွက် MSME အခန်းကဏ္ဍကို တစ်ဖက်တစ်လမ်းမှ မြှင့်တင်ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းသား သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီး ဒုတိယဝန်ကြီးက သင်တန်းနည်းပြဆရာမများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများ ပြုလုပ်ထားသည့် Butter Cake ၊ Banana Cake ၊ Chocolate Cake ၊ Chiffon Cake ၊ Cup Cake ၊ Cookies ၊ ကိတ်မုန့်ခြောက်၊ ပူတင်းပေါင်မုန့်၊ ပဲပေါင်မုန့်၊ စနိုးပူတင်း၊ ဆနွင်းမကင်း အစရှိသော မုန့်အမျိုးမျိုးကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအစီရင်ခံတင်ပြရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ် (PPMRS)ကို အသုံးပြု၍ အချက်အလက်များပေးပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၂**

အမျိုးသားစီမံကိန်း ဥပဒေနှင့် ဒေသန္တရစီမံကိန်း ဥပဒေများပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ အစီရင်ခံတင်ပြရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် စီမံကိန်းအကောင်အထည်ဖော်မှုအခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ်(PPMRS)ကို အသုံးပြု၍ အချက်အလက်များ ပေးပို့နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၃၂) ၌ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီတို့မှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ စီးပွားရေးရာဝန်ကြီးများနှင့် တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် (၅)နှစ်စီမံကိန်းနှင့် နှစ်စဉ်အမျိုးသားစီမံကိန်းများ ရေးဆွဲပြီး ရည်မှန်းချက်များ ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းများ အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်မှသာ မူလချမှတ်ထားသည့် မျှော်မှန်းချက်များ အောင်မြင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ပကတိအခြေအနေကိုသိရှိမှသာ လိုအပ်သည့်ညွှန်ကြားမှုများကို ချမှတ်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေများကို အစီရင်ခံတင်ပြရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ် (Project Progress Monitoring and Reporting System – PPMRS) ကို အသုံးပြု၍ အချက်အလက်များ ပေးပို့နိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေများတွင် ပါရှိသည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို အစီရင်ခံတင်ပြရာတွင် အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေးနှင့် စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် အစီရင်ခံခြင်းစနစ် (PPMRS)ကို အသုံးပြု၍ အချက်အလက်များ ပေးပို့နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျော့ဖုံးမှ*

နည်းပြတန်ဟတ်၏ မန်ယူအသင်းသည် ပြီးခဲ့သည့်ရာသီတွင် ၃၈ ပွဲကစားပြီး ရမှတ် ၆၀ သာ စုဆောင်းနိုင်ခဲ့သည်အတွက် အဆိုးရွားဆုံးရလဒ်ဖြင့် ရာသီပိတ်သိမ်းနိုင်ခဲ့သည်။ ထို့ပြင် ပြိုင်ပွဲတစ်လျှောက် အသင်းတိုက်စစ်ပိုင်းက ရဂိုး ၅၇ ဂိုးသာရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး ပေးဂိုးက ၅၈ ဂိုးအထိ ခွင့်ပြုပေးခဲ့ရသည်။

**အီးအက်ဖ်အယ်ဖလား ဆွတ်ခူးနိုင်**

တန်ဟတ်သည် အိုးထရက်ဖို့ဒ်သို့ ရောက်ရှိသည့် ပထမဆုံးရာသီတွင် အသင်းကို တတိယနေရာဖြင့် ရာသီပိတ်သိမ်းနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သလို အီးအက်ဖ်အယ်ဖလားကိုလည်း ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် အက်ဖ်အေဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲသို့ ရောက်ရှိအောင် ကူညီပေးထားနိုင်ခဲ့သည်။

**အက်ဖ်အေဖလား ဆွတ်ခူးပေးနိုင်**

၎င်း၏ ဒုတိယမြောက်ရာသီတွင် ဒုတိယမြောက်ဖလားအဖြစ် အက်ဖ်အေဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးပေးနိုင်ခဲ့သည်။

**အောင်ဇော်**

# စဉ့်ကိုင်မြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းနှင့် ID များ ထုတ်ပေးခြင်းဆောင်ရွက်

**စဉ့်ကိုင် ဇွန် ၁၂**

စဉ့်ကိုင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံး၌ ဇီဝဆိုင်ရာ အချက်အလက် (Biometric Data) ကောက်ယူခြင်းနှင့် ဂဏန်း ၁၀ လုံးပါ Unique ID များ ထုတ်ပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



အဆိုပါ လုပ်ငန်းများကို စဉ့်ကိုင်မြို့နယ် မြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအုပ်စု ၄၃ အုပ်စု၌ ဆောင်ရွက်ခြင်းဖြစ်ပြီး ပြည်သူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မှီခိုသူမိသားစုများ၊ စက်ရုံအလုပ်ရုံမှ အလုပ်သမားများနှင့် ကျောင်းသား ကျောင်းသူများ၏ လူမှုစီးပွားရေးကိစ္စရပ် အသီးသီးဆောင်ရွက်ရာတွင် ပိုမိုလျင်မြန်လာစေရန်၊ နိုင်ငံအတွင်း နေထိုင်သူများအား တစ်နေရာတည်းတွင် စိစစ်နိုင်သည့် တစ်ခုတည်းသော ဂဏန်း ၁၀ လုံးပါ UID နံပါတ်များ ထုတ်ပေးခြင်း၊ e-Government အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်သည့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်း လုပ်ငန်းများကို အဆင့်ဆင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဇွန် ၁၀ ရက်အထိ ဇီဝဆိုင်ရာ အချက်အလက်ကောက်ယူရရှိပြီးသူ စုစုပေါင်း ၄၁၃၅၂ ဦး ရှိပြီးဖြစ်ကြောင်းနှင့် ဆောင်ရွက်ရန် ကျန်ရှိနေသော ပြည်သူများအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ(စဉ့်ကိုင်)**

# လူ့အခွင့်အရေး ဖျက်ချိုးသူတွေ . . .

လွယ်လွယ်ကူကူ အနွတ္ထသညာ ခေါ်စရာအဖြစ် ဂျီနီဗာနဲ့ နယူးယောက်မြို့ကြီးတွေက ဆင်စွယ် မျှော်စင်တွေထဲ ရှိနေကြတဲ့ ကိုယ်ကျိုးရှာသူ အပေါင်းတို့ကို အတ္တဟိတသမားတွေ (အတ္တကြီး သူတွေ) လို့ ဆက်လက်ခေါ်လိုက်ကြပါစို့။

နိုးနိုးကြားကြားရှိကြကုန်လော့ အာဆီယံနိုင်ငံ တွေ၊ ရုရှား၊ တရုတ်နဲ့ တတိယ ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံ အပေါင်းတို့။

ကြောင်သူတော်တွေ အပြေးအလွှား သောင်းကျန်းနေတယ်ဗျို့!

အထက်တန်းအဆင့် အတ္တဟိတသမား တစ်ယောက်ဟာ ဂျီနီဗာကနေ အာဆီယံနိုင်ငံ အချို့ဆီ ဝင်ကလူ ထွက်ကလူ ခရီးနှင်နေပြီး **"လူ့အခွင့်အရေး"** နဲ့ **"ဒီမိုကရေစီ"** အကြောင်း ခြင်းရာတွေကို အာပေါင်အာရင်းသန်သန် ဟောပြော နေလေရဲ့။ ထုံးစံအတိုင်းပါပဲ- သူတို့ဟာ ကောင်းကင် ခရီးက ဆင်းချလာပြီးသကာလ တရားဟော နားချ အလုပ်တွေကို အရှေ့တိုင်းနိုင်ငံတွေမှာ အတောမသတ် တရစပ် လုပ်လေ့ရှိကြတယ်။ ဘုရားရေ… အံ့ဩစရာပဲ့။


FOR ease of reference, let's continue to refer to these self-absorbed people in the Ivory Towers in Geneva and New York as SAPs.

Alert to ASEAN countries, Russia, China, and developing third-world countries.

Hypocrites running amok!

A high-level SAP from Geneva is making rounds in some ASEAN countries preaching "human rights" and "democracy". As usual, they descend from the sky and preach Eastern countries endlessly. Goodness gracious!

Where were these people when a certain island nation in the South Pacific (New Caledonia) was in flames recently? These SAPS preach the rights of small island states. They preach nonstop about the rights of Indigenous People. Oh yes, there is also a long-established office dealing with decolonization. When that particular island nation in the South Pacific erupted in flames, there was even a conference organized by the SAPS on Small Islands Developing States. Did anyone hear any expression of concern from these SAPs? What happens to defending the rights of Indigenous People? What about the rights of these Islanders? The island nation in question happens to be

# Human Wrongs

By Kyaw Myint Tun (Paris)

The United Nations building in New York.

မကြာသေးမီက တောင်ပစိဖိတ်သမုဒ္ဒရာ ကျွန်းနိုင်ငံလေးဖြစ်တဲ့ နယူးကာလီဒိုးနီးယားမှာ ဆန္ဒပြအဓိကရုဏ်းတွေနဲ့ ဟုန်းဟုန်းတောက်လောင် နေချိန်မှာ အဲဒီပုဂ္ဂိုလ်တွေ ဘယ်ရောက်နေကြပါလိမ့်။ အဲဒီ ကိုယ်ကျိုးအတ္တကြီးသူတွေဟာ ကျွန်းနိုင်ငံလေး တွေရဲ့ ရပိုင်ခွင့်တွေကို စည်းရုံးဟောပြောလေ့ရှိကြ တယ်။ ဌာနေတိုင်းရင်းသားတွေရဲ့ အခွင့်အရေးတွေ နဲ့ စပ်လျဉ်းပြီးတော့လည်း မနားမနေ ထောက်ခံ ပြောဆိုကြတယ်။ ဟုတ်ပါရဲ့… ကိုလိုနီနယ်မြေ အဖြစ်မှ အဆုံးသတ်ရေး ကိစ္စတွေကိုလုပ်ဖို့ ဝါရင့် ရုံးတော်ကြီးတစ်ရုံးတောင် ရှိနေပါသေးတယ်။

**ကိုယ်ကျိုးအတ္တကြီးသူတွေ**

တောင်ပစိဖိတ်သမုဒ္ဒရာထဲက အဲဒီကျွန်းနိုင်ငံ လေးမှာ ကသောင်းကနင်း အခြေအနေအတွင်း အုပ်မနိုင်၊ ထိန်းမရပြဿနာတွေ ဗလောင်ဆူနေချိန် မှာ ကိုယ်ကျိုးအတ္တကြီးသူတွေက စီစဉ်ပေးတဲ့ ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံများ (ကာရေဘီယန်ပင်လယ်၊ အတ္တလန္တိတ်သမုဒ္ဒရာ၊ အိန္ဒိယသမုဒ္ဒရာနဲ့ ပစိဖိတ် သမုဒ္ဒရာတွင်းရှိ ကျွန်းနိုင်ငံငယ်များ) ဆိုင်ရာ နိုင်ငံ တကာ ညီလာခံတစ်ရပ်ကိုတောင် ကျင်းပနေချိန် မဟုတ်ပါလား။ ဒီကိုယ်ကျိုး အတ္တကြီးသူတွေက (ကျွန်းနိုင်ငံငယ်ကလေးနဲ့ ပတ်သက်ပြီး) စိုးရိမ်လှပါ တယ်ဆိုတဲ့ ဖော်ပြချက်တစ်မျိုးမျိုးကို တစ်ဦး တစ်ယောက်ကများ ကြားသိခဲ့ရပါသလား။ ဌာနေ တိုင်းရင်းသား ကျွန်းသူ ကျွန်းသားတွေရဲ့ ရပိုင်ခွင့် တွေကို ဘယ်နည်းဘယ်ပုံ ကာကွယ်စောင့်ရှောက် ပေးကြမှာလဲ။ ဒီကျွန်းသူ ကျွန်းသားတွေရဲ့ ရပိုင်ခွင့် တွေကရော ဘယ်လိုပါလဲ။ ပြဿနာဖြစ်နေတဲ့ ကျွန်းနိုင်ငံလေးဟာ ကိုယ်ကျိုးအတ္တကြီးသူတွေရဲ့ **"အန်ကယ်ကြီးတွေ"** ထဲက တစ်ယောက်ရဲ့ လက်အောက်က ဖြစ်နေလေတော့ ဘာတစ်လုံးမျှ မဟရဲခဲ့ကြဘူး မဟုတ်လား။

တကယ်လို့များ ရုရှား ဒါမှမဟုတ် တရုတ်နိုင်ငံ က မြို့ကြီးတစ်မြို့မှာ လူ ၁၅ ယောက်လောက်ပါတဲ့ အုပ်စုလေးတစ်စုက ချီတက်ဆန္ဒပြကြတယ်ဆိုပါစို့။ ဒီကိုယ်ကျိုးအတ္တကြီးသူတွေဟာ ချက်ချင်းထခုန် ပြီး အချိန်မဆိုင်းဘဲ စုံစမ်းစစ်ဆေးမှုတွေ လုပ်ကြ ပါလို့ တောင်းဆိုကြပါလိမ့်မယ်။ **"အထူးသံတမန်"** ဆိုတဲ့သူတွေ၊ **"အထူးအစီရင်ခံစာ တင်သွင်းသူ"** ဆိုတဲ့သူတွေ စသည်ဖြင့် သူတို့ ခန့်အပ်ကြပါလိမ့် မယ်။ တောင်ပစိဖိတ်ရှိ အဲဒီကျွန်းနိုင်ငံလေးက ပြည်သူတွေ ဆန္ဒပြနေကြချိန်မှာတော့ ကိုလိုနီ အရှင်သခင်နိုင်ငံတစ်နိုင်ငံက လူလည်လုပ်တာ ကြောင့် ဒီကိုယ်ကျိုးအတ္တကြီးသူတွေဟာ ရေငုံ နှုတ်ပိတ် ဆိတ်ဆိတ်နေလိုက်ကြပါတယ်။

အဲဒီကျွန်းနိုင်ငံငယ်လေးဟာ ကီရီဘာတီ သမ္မတနိုင်ငံလေးနဲ့ နှိုင်းယှဉ်ရင် လူဦးရေ နှစ်ဆခန့် ပိုမိုများပြားပါတယ်။ အဲဒီကျွန်းနိုင်ငံလေးဟာ ကုလသမဂ္ဂရဲ့ ၁၉၄ ခုမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာ ဖို့ မသင့်ပါလား။ ဒီဌာနေတိုင်းရင်းသား ကျွန်းသူ ကျွန်းသားတွေကို အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံအဖြစ် အခွင့်အရေးပေးသင့်တယ် မဟုတ် ပါလား။

**အရှေ့အလယ်ပိုင်းဒေသမှာ မီးဟုန်းဟုန်းတောက်နေရဲ့။ ကိုယ်ကျိုး အတ္တကြီးသူတွေကတော့ အဝေးကနေပဲ အသံပေးအော်ဟစ်လို့။ ကမ္ဘာတစ်ဝက် ခရီးလောက်ကနေပဲ "တောင်းဆိုချက်တွေ" ထုတ်လို့ နေကြလေရဲ့။ သူတို့ရဲ့ အန်ကယ်တွေကတော့ နားထဲမထည့်ကြပါဘူး။ ဒီတော့လည်း အာရှကိုပဲ ခရီးထွက်ကြပြီး အာရှနိုင်ငံတွေကိုပဲ ဆရာကြီး လုပ်ကြရတော့တာပေါ့။**

**သူတို့ ဘာတွေလုပ်နေကြပါလိမ့်**

ဆူဒန်နိုင်ငံကတော့ အခြေအနေကောင်းပုံ မရဘူး။ တစ်နှစ်ကျော်လာတဲ့အထိ ပြည်တွင်းစစ် ဆက်ဖြစ်နေလေရဲ့။ အင်တာဘေးဆိုက်မယ့်ပုံ ကိုလည်း တွေ့မြင်နေရပါတယ်။ ကိုယ်ကျိုးအတ္တကြီး သူတွေ ဆူဒန်ကိုရောက်နေတာ နှစ်ပေါင်း အတန် ကြာပြီ။ ဆယ်စုနှစ်တွေနဲ့ကိုချီလို့။ သူတို့ ဘာတွေ လုပ်နေကြပါလိမ့်။

အရှေ့အလယ်ပိုင်းဒေသမှာ မီးဟုန်းဟုန်း တောက်နေရဲ့။ ကိုယ်ကျိုး အတ္တကြီးသူတွေကတော့ အဝေးကနေပဲ အသံပေးအော်ဟစ်လို့။ ကမ္ဘာ တစ်ဝက်ခရီးလောက်ကနေပဲ"တောင်းဆိုချက်တွေ" ထုတ်လို့နေကြလေရဲ့။ သူတို့ရဲ့ အန်ကယ်တွေ ကတော့ နားထဲမထည့်ကြပါဘူး။ ဒီတော့လည်း အာရှကိုပဲ ခရီးထွက်ကြပြီး အာရှနိုင်ငံတွေကိုပဲ ဆရာကြီး လုပ်ကြရတော့တာပေါ့။

**အခေါင်တကာ့ထိပ်သီး**
**ကြောင်သူတော်ကြီးတွေ**

ဒီပုဂ္ဂိုလ်တွေကတော့ အခေါင်တကာ့ထိပ်သီး ကြောင်သူတော်ကြီးတွေ၊ လူ့အခွင့်အရေး၊ လူ့ဂုဏ် သိက္ခာကို အလေးမထား၊ အပြောတစ်မျိုး အလုပ် တစ်မျိုး စံနှစ်ခု ကျင့်သုံးနေတဲ့လူတွေ၊ လူ့အခွင့် အရေး ဖျက်ချိုးသူတွေပါပဲ။ ။

- ❖ နိုးနိုးကြားကြားရှိကြကုန်လော့ အာဆီယံနိုင်ငံတွေ၊ ရုရှား၊ တရုတ်နဲ့ တတိယ ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံအပေါင်းတို့။
  ကြောင်သူတော်တွေ အပြေးအလွှား သောင်းကျန်းနေတယ်ဗျို့!
- ❖ အထက်တန်းအဆင့် အတ္တဟိတသမားတစ်ယောက်ဟာ ဂျီနီဗာကနေ အာဆီယံနိုင်ငံအချို့ဆီ ဝင်ကလူ ထွက်ကလူ ခရီးနှင်နေပြီး "လူ့အခွင့်အရေး" နဲ့ "ဒီမိုကရေစီ" အကြောင်းခြင်းရာတွေကို အာပေါင်အာရင်းသန်သန် ဟောပြော နေလေရဲ့။ ထုံးစံအတိုင်းပါပဲ- သူတို့ဟာ ကောင်းကင်ခရီးက ဆင်းချလာပြီး သကာလ တရားဟော နားချအလုပ်တွေကို အရှေ့တိုင်းနိုင်ငံတွေမှာ အတောမသတ် တရစပ်လုပ်လေ့ရှိကြတယ်။ ဘုရားရေ… အံ့ဩစရာပဲ့

{၁၂-၆-၂၀၂၄ ရက်နေ့ထုတ် The Global New Light of Myanmar သတင်းစာပါ ကျော်မြင့်ထွန်း (ပါရီ) ၏ Human Wrongs ဆောင်းပါးကို ဘာသာပြန်ဆိုဖော်ပြခြင်း ဖြစ်ပါသည်။}

ကမ္ဘာ့သွေးလှူရှင်များနေ့ ဂုဏ်ပြုဆောင်းပါး

# မိမိ၏ သန့်စင်သောသွေးဖြင့် အသက်များကို ကယ်တင်ကြပါစို့

**"သွေးလှူခြင်း"သည် အသက်ကယ်ခြင်းတစ်မျိုးဖြစ်သောကြောင့် သွေးအလှူရှင်များကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဇွန် ၁၄ ရက်ကို "World Blood Donor Day ကမ္ဘာ့သွေးလှူရှင်များနေ့" ဟု သတ်မှတ်ခဲ့ကြပါသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက် ကမ္ဘာ့သွေးလှူရှင်များနေ့ လှုပ်ရှားမှုအတွက် ဆောင်ပုဒ်မှာ "အချိန်မှန်သွေးနှင့် သွေးရည်ကြည်ပေး၍ လူ့အသက်ကိုမျှဝေပါ" "Give blood, give plasma, share life, share often" ဖြစ်ပါသည်။**

*ကိုဘုန်း(ထုတ်လုပ်)*

လူတိုင်းအသက်ရှင်နေနိုင်ရေး သွေးကို မရှိမဖြစ်လိုအပ်ပါသည်။ သိပ္ပံပညာတိုးတက်နေသော်လည်း သွေးကို အလွယ်တကူ အစားထိုးမရနိုင်သေးပါ။ သွေးလိုအပ်နေသူများအတွက် လုံခြုံစိတ်ချရသည့် သွေးရရှိရေးသည် အလွန်အရေးကြီးပါသည်။ ကမ္ဘာ့အနှံ့အပြားတွင် သွေးအရေးပေါ် လိုအပ်နေသူများစွာရှိပါသည်။ ထိခိုက်ဒဏ်ရာရ၍ အရေးပေါ်ကုသမှုခံယူရမည်ဆိုပါက သွေးလိုပါသည်။ ကလေးမွေးမည့် မိခင်များလည်း အရေးပေါ်သွေးဆောင်ထားဖို့ လိုအပ်ပါသည်။ သွေးပုံမှန်သွင်းရန် လိုအပ်နေသော နာတာရှည်ဝေဒနာရှင်များလည်း များစွာရှိပါသည်။ သန့်စင်သည့် သွေးကို လိုအပ်နေသူများများစွာရှိသော်လည်း အမှန်တကယ်ရရှိသူသည် နည်းပါးပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ကျန်းမာရေးစနစ်သည် အားနည်းသေးသောကြောင့် သန့်စင်သော သွေးရရန် ပိုမိုခက်ခဲပါသည်။ တစ်ကမ္ဘာလုံး သွေးလှူဒါန်းမှု ၁၁၈ ဒသမ ၅ သန်းအနက်မှ ၄၀ ရာခိုင်နှုန်းသည် ကမ္ဘာ့လူဦးရေ၏ ၁၆ ရာခိုင်နှုန်းနေထိုင်ရာ ဝင်ငွေမြင့်မားသော နိုင်ငံများဖြစ်ပါသည်။ လူ ၁၀၀၀ အခြေခံသည့် သွေးလှူဒါန်းမှုနှုန်းတွင် ဝင်ငွေမြင့်နိုင်ငံများ၌ ၃၁ ဒသမ ၅ ရာခိုင်နှုန်း၊ ဝင်ငွေအလယ်အလတ်ထက်မြင့်သော နိုင်ငံများတွင် ၁၆ ဒသမ ၄ ရာခိုင်နှုန်း၊ ဝင်ငွေ အလယ်အလတ်ထက်နိမ့်သော နိုင်ငံများတွင် ၆ ဒသမ ၆ ရာခိုင်နှုန်း၊ ဝင်ငွေနည်းနိုင်ငံများတွင် ၅ ရာခိုင်နှုန်းရှိပါသည်။ ကမ္ဘာ့နိုင်ငံ ၇၉ နိုင်ငံတွင် သွေးထောက်ပံ့မှု၏ ၉၀ ရာခိုင်နှုန်းကျော်ကို စေတနာအလျောက် အခကြေးငွေမယူသော သွေးအလှူရှင်များထံမှ ရရှိသည်။

### သွေးလှူရှင် သုံးမျိုးရှိ

နိုင်ငံပေါင်း ၅၄ နိုင်ငံတွင် သွေးထောက်ပံ့မှု၏ ၅၀ ရာခိုင်နှုန်းကျော်ကို မိသားစုအစားထိုး သို့မဟုတ် အခပေးအလှူရှင်များထံမှ ရရှိပါသည်။ သွေးလှူရှင် သုံးမျိုးရှိပြီး ၎င်းတို့မှာ-

၁။ အစားထိုးလှူဒါန်းသော မိသားစု(သို့) မိတ်ဆွေ သွေးလှူရှင်များ
၂။ မိမိဆန္ဒအလျောက် အခကြေးငွေမယူဘဲ လှူဒါန်းသော သွေးလှူရှင်များ
၃။ အခကြေးငွေဖြင့် လှူဒါန်းသော သွေးလှူရှင်များတို့ ဖြစ်ပါသည်။

အမိဝမ်းတွင်း သန္ဓေသားလောင်းအဆင့်မှာပင် စားပွဲတင်ဇွန်း သုံးဇွန်းမျှပမာဏရှိသော သွေး သည် မရှိမဖြစ် လိုအပ်ပါသည်။ သွေးသည် ခန္ဓာကိုယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး သန့်စင်သည့်သွေးသည်




ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတစ်ခုလုံး၌ အရေးကြီးဆုံးနေရာကပါဝင်ပြီး ခန္ဓာကိုယ်ကျန်းမာရေးစောင့်ရှောက်မှုစနစ်တစ်ခု အဆင်ပြေပြေလည်ပတ်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် အရာတစ်ခုဖြစ်ပါသည်။ ဒါနပါရမီတွင် တစ်ပါးအပါအဝင်ဖြစ်သော ခန္ဓာကိုယ်အစိတ်အပိုင်း၏ သွေးအလှူ(ခေါ်) အတွင်းအလှူဖြင့် ရက်ရောစွာလှူဒါန်းခြင်းကို "ဒါနဉပပါရမီ"ဟု မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။ သွေးနှင့် အသက်ဆက်ရသော သက်ရှိလူသားများအတွက် လုံလောက်သော သွေးရှိမှသာ ခန္ဓာဝန်ထမ်းရွက်နိုင်ကြမှာ ဖြစ်ပါသည်။

### သွေးလှူရှင်ရှိမှ အသက်ဆက်ခွင့်ရ

သွေးတစ်ကြိမ်လှူတိုင်း သွေးလှူရှင်ထံမှ ၄၅၀ မီလီလီတာခန့် ပမာဏရှိသောသွေးကို ဖောက်ထုတ်ရပါသည်။ ထိုပမာဏသည် အရွယ်ရောက်သူ သွေးလှူရှင်တစ်ကိုယ်လုံးရှိ သွေးများ၏ ၇ ဒသမ ၅ ရာခိုင်နှုန်းရှိသည်။ ထိုသွေးကို လက်ခံသူလူနာ၏ အသက်တစ်ချောင်းကို ကယ်တင်ရာတွင် အလွန်ထိရောက်ပါသည်။ သွေး ၄၅၀ စီစီလှူလိုက်ပါက သွေးအရည် (ပလာစမာ) ထုထည် ၇ ဒသမ ၁၃ ရာခိုင်နှုန်း ကျသွားပါသည်။ သွေးလှူပြီးနောက် ၂၄-၄၈ နာရီမှာ ထုထည်အရည်ပြည့်လာပါသည်။ သွေးနီဥများသည် နောက် ၅၆ ရက်မှာ ပြန်ပြည့်လာပြီး နောက်ထပ်တစ်ကြိမ် သွေးလှူဖို့အတွက် ပျမ်းမျှအချိန် သုံး/ လေးလ စောင့်ရပါသည်။ သွေးလှူရှင်ရှိမှ အသက်ဆက်ခွင့်ရသော လူနာများသည် အရေးပေါ် ထိခိုက်ဒဏ်ရာရလူနာများ၊ ခွဲစိတ်ခန်းဝင်နေသောလူနာများ၊ သွေးမတိတ်ရောဂါဝေဒနာသည်များ၊ နာတာရှည်သွေးအားနည်းရောဂါရှိသူများ၊ ရိုးတွင်းခြင်ဆီ အစားထိုးကုသခံလူနာများ၊ မွေးကင်းစအသားဝါ ရင်သွေးငယ်လေးများ စသည်တို့ ဖြစ်ပါသည်။ သွေးလှူပါက လူ့အသက်တစ်ချောင်းကို ကယ်တင်ရုံတင်သာမက သွေးလှူရှင်အတွက်လည်း ကျန်းမာရေးအကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။

### တစ်ပါးသူအသက်ကို ကယ်ဆယ်နိုင်

သွေးလှူပြီးနောက် ထပ်မံဖြည့်စွက်စားသောက်ရသည့် အားဖြည့်စာများကြောင့် ပိုမိုကျန်းမာလာစေခြင်း၊ ကိုလက်စထရောကျစေခြင်း၊ သွေးလှူလိုက်ခြင်းကြောင့် တစ်ပါးသူအသက်ကို ကယ်ဆယ်နိုင်သဖြင့် ပရဟိတအကျိုး သယ်ပိုးလိုသည့်စိတ်ဓာတ်၊ အသင်းအဖွဲ့စိတ်ဓာတ်၊ ပူးပေါင်းဆောင်ရွက်တတ်သောစိတ်ဓာတ်များ တိုးပွားလာစေခြင်း၊ သွေးလှူရှင်တစ်ဦးသည် သွေးတစ်ပိုင့် (မီလီလီတာ ၄၅၀) လှူပြီးတိုင်း အလှူရှင်၏ ခန္ဓာကိုယ်မှ အဆီကယ်လိုရီ ၆၅၀ ခန့် လောင်မြိုက်သွားစေတာကြောင့် ကိုယ်အလေးချိန် လျှော့ချလိုသူများအတွက် အကျိုးဖြစ်ထွန်းစေခြင်း၊ သွေးလှူပြီးနောက် ဆုံးရှုံးသွားသော သွေးနီဥများကို ရိုးတွင်းခြင်ဆီမှ ၄၈ နာရီအတွင်း ပြန်လည်ထုတ်လုပ်ပေးသောကြောင့် တစ်လ (သို့) နှစ်လနီးပါးအကြာတွင် ပုံမှန်သွေးနီဥပမာဏပြည့်ဝလာပြီး သွေးသစ်လောင်းစေကာ ခန္ဓာကိုယ်လန်းဆန်းစေ၍ တက်ကြွမှုဖြစ်စေခြင်း၊ ပုံမှန်သွေးလှူခြင်းကြောင့် မိမိရဲ့ သွေးဖိအား အနည်း/အများ၊ သွေးပေါင်ချိန် အတက်/အကျနှင့် HIV ကာလသားရောဂါ၊ အသည်းရောဂါတို့ကဲ့သို့သော ရောဂါများကိုပါ စစ်ဆေးပြီးဖြစ်ခြင်းတို့အပြင် သွေးဖောက်ထုတ်လှူဒါန်းလိုက်ခြင်းကြောင့် အသည်းကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာ၊ လည်ချောင်းကင်ဆာ စသည့်ကင်ဆာရောဂါများ ဖြစ်နိုင်ခြေ အလားအလာနည်းပါးကြောင်း အမေရိကန်ရှိ Miller-Keystone သွေးစင်တာမှ အကြံပြုထားပြီး အမေရိကန်ဆေးသိပ္ပံပညာရှင်များ၏ ဆန်းစစ်ချက်အရ သွေးပုံမှန်လှူဒါန်းသော အမျိုးသားများတွင် နှလုံးရောဂါဖြစ်နိုင်မှု အလားအလာ ၈၈ ရာခိုင်နှုန်း လျော့ကျနိုင်ပြီး နှလုံးကြောင့် လေဖြတ်ခြင်း အလားအလာကို ၃၃ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း လေ့လာတွေ့ရှိထားပါသည်။

သွေးအလှူရှင်တစ်ဦးသည် သွေးလှူဒါန်းမည်ဆိုပါက အသက် ၁၇ နှစ်ပြည့်ပြီး ဖြစ်ရပါမည်။ တချို့နေရာများတွင် ၁၆ နှစ်ပြည့်လျှင် လှူဒါန်းနိုင်ပါသည်။ ထို့အပြင် သွေးဖိအား BP အထက်ဂဏန်း ၁၂၀ အထက် မကျော်စေရ၊ အောက်ဂဏန်း ၈၀ ထက် မနည်းစေရပါ။ သွေးလှူမည့်သူသည် အသက် ၅၀ ထက် မကြီးစေရပါ။ ကိုယ်အလေးချိန် ၄၅ကီလိုထက်မနည်းစေရဘဲ ကိုယ်အပူချိန် ၉၉ ဒသမ ၅ဒီဂရီဖာရင်ဟိုက်ထက် မကျော်စေရပါ။ သွေးမလှူခင် Hemocrit စစ်တဲ့အခါ ပုံမှန်ထက် ၃၈ ရာခိုင်နှုန်း နည်းနေရင် မလှူသင့်ပါ။ ကိုယ်ဝန်ဆောင်နေပါက မွေးဖွားပြီးနောက် ခြောက်လစောင့်ရပါသည်။ ကလေးနို့တိုက်နေသူ၊ လတ်တလော ကိုယ်ဝန်ပျက်ထားသူ မလှူသင့်ပါ။ သွေးလှူရှင်များသည် နေမကောင်းပါက မလှူသင့်ပါ။ အရက်သောက်ပြီးနောက် ၄၈ နာရီ စောင့်ရပါသည်။ သွေးမလှူခင် (သုံးနာရီကြိုတင်ပြီး) ထမင်းစားသင့်ပါသည်။ ပြီးခဲ့သည့် ခြောက်လအတွင်း ခွဲစိတ်ကုသမှု အကြီးစားလုပ်ထားရသူ မလှူရပါ။ ခွေးကိုက်ခံရပြီး အရေပြားစုတ်ပြဲသွားပါက ၁၂ လ စောင့်ရပါသည်။ ဆီးချိုထိုးဆေး(အင်ဆူလင်)ထိုးထားပါက နှစ်ပတ်ကြာမှ လှူသင့်ပါသည်။

### သွေးမလှူခင် ကြိုတင်စားသုံး

သွေးလှူမည့်သူသည် မည်သည့်အစာမှ စားထားခြင်းမရှိဘဲ သွေးလုံးဝ မလှူသင့်ပါ။ အာဟာရပြည့်ဝမည့် အစာတစ်ခုခုကို သွေးမလှူခင် နှစ်နာရီ၊ သုံးနာရီခန့်ကြိုတင်၍ သွေးတွင်းအာဟာရပြည့်စေရန်အတွက် စားထားပေးရမည်ဖြစ်ပါသည်။ လေးလတစ်ကြိမ် ပုံမှန်သွေးလှူနေကျဖြစ်ပါက သွေးမလှူခင် ရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့် ကြိုတင်၍ သံဓာတ်ကြွယ်ဝစွာ ပါဝင်သော အစားအစာများကို စားသုံးသင့်ပါသည်။ သံဓာတ်သည်သွေးထဲမှ အောက်ဆီဂျင်ကို ကိုယ်ခန္ဓာအတွင်းရှိ ဆဲလ်များဆီသို့ သယ်ဆောင်ပေးသောကြောင့် လှူလိုက်သည့် သွေးထဲတွင် ယင်းသံဓာတ်များပါသွားပြီး အားနည်းခြင်း၊ မောပန်းခြင်းများ ဖြစ်တတ်ပါသည်။ ထို့ကြောင့် သံဓာတ်ဖြည့်စွက်စာအဖြစ် ဆီးသီးခြောက်၊ မက်မန်းသီး၊ မက်မွန်သီး၊ သဖန်းသီး၊ ကတွတ်သီး၊ ခရမ်းချဉ်သီး၊ ကြက်၊ ဝက်၊ ဆိတ်၊ အမဲတို့၏ အသည်း၊ ကြက်ဥ၊ ဘဲဥ၊ ငုံးဥများ စသည်တို့ကို များများစားပေးသင့်ပါသည်။

သွေးလှူပြီးနောက် ရေ(သို့)အရည် (အရက်ကလွဲပြီး)လေးခွက်(ရှစ်အောင်စ)ပိုသောက်ခြင်း ခန္ဓာကိုယ်ထဲမှာ ရေနှင့်သကြားဓာတ် ခန်းခြောက်မှုမရှိစေရန် သွေးလှူပြီးပြီးချင်း အသီးဖျော်ရည်နှင့် မုန့်အချိုတစ်ခုခုကို ချက်ချင်းစားပေးခြင်း၊ သွေးလှူခြင်းကြောင့် ကုန်ဆုံးသွားသော သွေးနီဥများကို

*စာမျက်နှာ ၁၁ သို့*

> ❖ **သွေးလှူမည့်သူသည် မည်သည့်အစာမှ စားထားခြင်းမရှိဘဲ သွေးလုံးဝ မလှူသင့်ပါ။ အာဟာရပြည့်ဝမည့် အစာတစ်ခုခုကို သွေးမလှူခင် နှစ်နာရီ၊ သုံးနာရီခန့်ကြိုတင်၍ သွေးတွင်းအာဟာရ ပြည့်စေရန်အတွက် စားထားပေးရမည်ဖြစ်ပါသည်။ လေးလတစ်ကြိမ် ပုံမှန်သွေးလှူနေကျဖြစ်ပါက သွေးမလှူခင် ရက်သတ္တတစ်ပတ်၊ နှစ်ပတ်ခန့် ကြိုတင်၍ သံဓာတ်ကြွယ်ဝစွာ ပါဝင်သော အစားအစာများကို စားသုံးသင့်**

# ရပ်ရွာအခြေပြု အိမ်တွင်းမှုသက်မွေးသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်



မုံရွာ ဇွန် ၁၂

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီနှင့် တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားကို ဇွန် ၁၁ ရက်က မုံရွာမြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့ တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ရပ်ရွာအခြေပြု အိမ်တွင်းမှုသက်မွေးသင်တန်းများအား စဉ်ဆက်မပြတ်ဖွင့်လှစ်ပေးသွားနိုင်ရန် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခု အခြေခံစက်ချုပ်သင်တန်းသည်လည်း အမျိုးသမီးများအတွက် မိသားစုဝင်ငွေရရှိနိုင်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်သည့်အတွက် သင်တန်းသူများအနေဖြင့် သင်တန်းမှ စာတွေ့လက်တွေ့ ပို့ချထားမှုကြောင့် လက်တွေ့အသုံးချနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည့်အတွက် အလွန်အဖိုးတန်သည့် သင်တန်းတစ်ခု ဖြစ်ပါကြောင်း၊ သင်တန်းသူများ အနေဖြင့် သင်တန်းကပို့ချပေးသည့် နည်းပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့် သင်ယူမှတ်သားကြသည်များကို ကြားသိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းနည်းပြများထံ ဂုဏ်ပြုချီးမြှင့်ငွေပေးအပ်ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီး တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယကက သင်တန်းထူးချွန်ဆု ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသော သင်တန်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက သင်တန်းသူနှစ်ဦးအား သင်တန်းဆင်းလက်မှတ် ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆိုပါခန်းမအတွင်း ခင်းကျင်းပြသထားသော သင်တန်းသူများ ကိုယ်တိုင် ချုပ်လုပ်ထားသည့် အမျိုးသားဝတ်၊ အမျိုးသမီးဝတ် အထည်များနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းနှင့် ဒိုက်ဦးမြို့မရဲစခန်း အချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၂

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးတင်အောင်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင်ဥပဒေ ပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ရှိ ဒိုက်ဦးမြို့မ ရဲစခန်း အချုပ်ခန်းနှင့် ဒိုက်ဦးမြို့နယ်အတွင်းရှိ အကျဉ်းဦးစီးဌာန၊ ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ဒိုက်ဦးမြို့ပေါ်ရှိ ဒိုက်ဦးမြို့မရဲစခန်း အချုပ်ခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် ရီမန်ကာလအခြေအနေ၊ အချုပ်ခန်းတွင် နေထိုင်စဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ အချုပ်ကာလအတွင်း စားသောက်ရေး စီစဉ်ပေးမှု အခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းအတွင်းသန့်ရှင်းမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ကျိုက်စကောစိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များ၊ ကော်မရှင်ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများနှင့် အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသောသောက်ရေနှင့် သုံးရေရရှိစေရန် ဆောင်ရွက်ပေးနေမှုအခြေအနေ၊ မိသားစု လာရောက်တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ၊ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ၊ မရှိ အခြေအနေ စသည်တို့ကိုမေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့်တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်သည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုဒေါင်၊ သန့်ရှင်းသော သောက်ရေရရှိမှုအခြေအနေ၊ သုံးရေကန်များနှင့် အတွင်း၊ အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ၊ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ထံမှ သတင်းရရှိသည်။

**သတင်းစဉ်**

**စစ်ကိုင်းမြို့ ကားကြီးကွင်းအနီး စစ်ကိုင်း- မုံရွာသွား ကားလမ်းမကြီးဘေး၌ ဇွန် ၁၂ ရက်က ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးဆိုင်းဘုတ် စိုက်ထူပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် အဖွဲ့ဝင်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။**

ဇော်မြင့်နိုင်




# စေတုတ္တရာမြို့နယ်၌ လူထုဖြန့်ပျိုးပင် ၁၀၀၀၀ ပျိုးထောင်ထားရှိ

**စေတုတ္တရာ ဇွန် ၁၂**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ ကာလအတွင်း ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ အခမဲ့ရယူစိုက်ပျိုးနိုင်ရန် ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့မယာယီ ပျိုးဥယျာဉ်၌ လူထုဖြန့် ပျိုးပင်ပေါင်း ၁၀၀၀၀ ပျိုးထောင်ထားသည်။

အဆိုပါ သစ်ပင်များကို ၂၀၂၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ကျွန်း ၆၅၀၀၊ ဗာဒံ ၅၀၀၊ မဲဇလီ ၂၅၀၀၊ ကုက္ကို ၅၀၀ စုစုပေါင်း ပျိုးပင် ၁၀၀၀၀ ကို မြို့မယာယီ ပျိုးဥယျာဉ်၌ ပျိုးထောင်ထားကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစွမ်းထက်ကိုထံမှ သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

အစားပြန်လည်ဖြည့်ဆည်းပေးနိုင်ရန် တိရစ္ဆာန်များ၏အသည်း၊ ပဲအမျိုးမျိုး၊ ကညွတ်၊ ဟင်းနုနယ်ရွက် အပါအဝင် အစိမ်းရင့်ရောင်ရှိသော ဟင်းသီးဟင်းရွက်များနှင့် အညိုရောင်ဂျုံ၊ ပေါင်မုန့်တို့ကို စားပေးခြင်း ပြုလုပ်ပေးရပါမည်။ ကော်ဖီ၊ ကိုလာ စသည့် ကဖိန်းဓာတ်ပါသော အရည်များသည် ဆီးရွှင်စေသောကြောင့် သွေးလှူပြီး ရှစ်နာရီမှ ၁၀ နာရီအတွင်း ၎င်းအရည်များကို (လုံး၀) မသောက်သင့်ပါ။ ဥ၊ အာလူး၊ ငှက်ပျောသီး၊ အစေ့အဆန်များ၊ အခွံမာသီးများ၊ ငါး၊ နို့နှင့် ထောပတ်၊ ပူတင်း၊ ချိစ်ကဲ့သို့သော နို့ထွက်ပစ္စည်းကလည်း သွေးနီဥများကို ပြန်လည်တည်ဆောက်ပေးနိုင်သောကြောင့် များများ စားသုံးပေးသင့်ပါသည်။

သွေးလှူရှင်တွင် ဘီပိုး၊ စီပိုး၊ HIV၊ ကာလသားရောဂါ၊ ငှက်ဖျားရောဂါ စသည်တို့ ကင်းစင်နေမှသာ လှူဒါန်းခွင့်ရှိပြီး သွေးလှူခါနီးတွင်လည်း သွေးပေါင်ချိန်ပုံမှန်ဖြစ်နေရမည်ဖြစ်ပါသည်။ ထို့အပြင် လိင်ဆက်ဆံဖော်များသူ၊ ပဋိဇီဝသောက်ဆေးကို သောက်သုံးသူ၊ ဆစ်ဖလစ်ရောဂါပိုးရှိသူ၊ မူးယစ်ဆေးစွဲနေသူ၊ အသားဝါ၊ Rubella ရှုဘဲလားရောဂါ၊ တိုက်ဖွိုက်ရောဂါ၊ ငှက်ဖျားရောဂါ၊ နှလုံးရောဂါ၊ ကျောက်ကပ်ရောဂါ၊ အသည်းရောဂါ၊ သွေးရောဂါနှင့် ပန်းနာရောဂါရှိသူများသည် သွေးမလှူသင့်ပါ။ သွေးလှူချိန်ကြားကာလမှာ တစ်ကြိမ်နှင့်တစ်ကြိမ် အနည်းဆုံးနှစ်လရှိမှသာ သွေးလှူရှင်၏ နောက်ဆက်တွဲ ကျန်းမာရေးအတွက် စိတ်ချရမည်ဖြစ်ပါသည်။

သန့်စင်ပြီး ရောဂါပိုးကင်းရှင်းသည့်သွေးသည် လူပေါင်းများစွာ၏ အသက်ကို ကယ်တင်ပေးနိုင်စွမ်းရှိပါသည်။ သွေးလှူဒါန်းခြင်းသည် မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာထက် မိမိ၏ခန္ဓာကိုယ်ရှိ သွေးကိုလှူဒါန်းရခြင်းဖြစ်သောကြောင့် အလွန်မွန်မြတ်သော စွန့်လွှတ်လှူဒါန်းမှုတစ်ရပ်ဖြစ်၍ သွေးလှူကြဖို့ တိုက်တွန်းလိုပါသည်။ ရခဲလှသောလူ့ဘဝတွင် ပုထုဇဉ်လူသားအချင်းချင်း မိမိသွေးဖြင့် အသက်ကယ်တင်ကြပါရန် ဇွန် ၁၄ ရက်တွင် ကျရောက်မည့် **ကမ္ဘာ့သွေးလှူရှင်များနေ့**အား ဂုဏ်ပြုရေးသားလိုက်ရပါသည်။ ။

# ဒုတိယဝန်ကြီး ဦးအေးထွန်း ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်သင်ပညာရေးကျောင်းများသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇွန် ၁၂**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ခန္တီးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တပညိန္ဒ၊ အေးမြချမ်းသာ သီလရှင်သင်ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါ်ပါရမီနှင့် ရွှေစင်မင်း သီလရှင်သင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာဒေါ်နန္ဒသိင်္ဂီတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။



အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၁ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိဧညပဏ္ဍိစ္စပါလ ကမ္ဘောဇဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဇဝန၊ အောင်မြေဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိလာသ၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ မဟာဝိဇယရံသီ(စလေ) ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိဇယ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဂန္ဓာရုံ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တမဟိန္ဒနှင့် အောင်မြေသာစံမြို့နယ်ရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနာယကတို့အား သွားရောက်ဖူးမြော်ကြည်ညိုကာ နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းပြီး ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၁၀ ရက် နံနက်ပိုင်းက မိတ္ထီလာမြို့နယ်ရှိ မုန်ပင်ဆည် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တဝိနယ၊ ခေမာသီရိ သီလရှင်သင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါ်ဝဏ္ဏသီရိနှင့် ပထမကျော်ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တသီလာစာရတို့အား သွားရောက်ဖူးမြော်ကြည်ညိုပြီး နဝကမ္မအလှူတော်ငွေများ ဆက်ကပ်လှူဒါန်းကာ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ကျောင်းသား ကျောင်းသူများ စာသင်ကြားနေမှုကို ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် အဆိုပါ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် သီလရှင်သင်ပညာရေး ကျောင်းများသို့ ရောက်ရှိစဉ် ကျောင်းစတင်ဖွင့်လှစ်သင်ကြားနေမှု၊ ဆရာ ဆရာမများအား ထောက်ပံ့ကြေးပေးအပ်မှု၊ ပညာသင်ကြားရာတွင် ကျောင်းသားဦးရေနှင့် ဆရာဦးရေ မျှတမှု ရှိ/မရှိ၊ စာမေးပွဲဖြေဆိုရာတွင် အခက်အခဲ ရှိ/မရှိ၊ ကျောင်းသားစာရင်းကောက်ယူခြင်း၊ ကျောင်းပြောင်း လက်ခံခြင်းတို့တွင် စနစ်တကျရှိစေရေး၊ အခြေခံပညာဦးစီးဌာနက ဖွင့်လှစ်သော သင်ရိုးသစ်သင်တန်းများနှင့် ဘာသာရပ်မွမ်းမံသင်တန်းများ တက်ရောက်စေရေးနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် ပညာရေးဝန်ကြီးဌာနကသာ အဓိကတာဝန်ယူဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများအနေဖြင့်လည်း ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသော မူဝါဒ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ကျောင်းအပ်လက်ခံရေးကိစ္စရပ်များကို ဆွေးနွေးလမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပေါင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး မတည်ရန်ပုံငွေ ပေးအပ်

**ပေါင် ဇွန် ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးမတည်ရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက မြို့နယ်သမဝါယမ အသင်းစု အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးကျော်လင်းဦးက နိုင်ငံ့စီးပွား၊ လူမှုစီးပွားတိုးတက်စေရေးအတွက် ချေးငွေလုပ်ငန်းများကို အကျိုးရှိစွာအသုံးပြုစေလိုကြောင်း၊ ယခုချေးငွေဖြင့် မိမိတို့အကျိုးစီးပွား တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သင်းသင်းယုက အသင်းသားများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် ရန်ပုံငွေမှ မတည်ထောက်ပံ့ငွေများဖြင့် ရွှေချမ်းသာ စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းနှင့် မိုးမင်းစိုက်ပျိုးရေးနှင့် ထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းအတွက် စိုက်ပျိုးရေး လုပ်ငန်းတွင် လိုအပ်သည့် သွင်းအားစုများ ဝယ်ယူရန်အတွက် အဆိုပါ ချေးငွေလုပ်ငန်းများကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးကျော်နိုင်ဦးက သမဝါယမအသင်းများဖြစ်သော ရွှေချမ်းသာစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်းအားအရင်း ၇၅၆ သိန်း အတိုးငွေကျပ် ၄၄၄၅၂၈၀၊ မြို့နယ်စီမံအုပ်ချုပ်ရေး အတွင်းရေးမှူး ရဲမှူး သံမရောင်က မိုးမင်းစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမ အသင်းများကို အရင်း သိန်း ၃၀၀ အတိုးငွေကျပ် ၁၇၆၄၀၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **မွန်မလေး (ပြန်/ဆက်)**

## ရန်ကင်းမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**ရန်ကင်း ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ယနေ့ နံနက်ပိုင်းက အမှတ်(၈)ရပ်ကွက် စည်ပင်သာယာဝင်း အေးငြိမ်းချမ်းသာဓမ္မာရုံ၌ အမှတ်(၈) ရပ်ကွက်အတွင်း နေထိုင်ကြသော မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများ အား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းအောင်၏ ကြီးကြပ်မှုဖြင့် ဒုလဝကမှူး ဒေါ်စန္ဒာဝင်း ဦးဆောင်သော ဝန်ထမ်းအဖွဲ့များက အဆိုပါ မြန်မာတိုင်းရင်းသားလူမျိုးနွယ်စုများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် နိုင်ငံသားစိစစ်ရေးကတ် တစ်မျိုးမျိုး ရရှိနိုင်ရေးအတွက် ပန်းခင်းစီမံချက်အဆင့် (၃) ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခြင်း ဖြစ်သည်။

ရန်ကင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေး ကတ်များ ထုတ်ပေးခြင်းကို ပန်းခင်းစီမံချက် အဆင့်(၁)၊(၂)တို့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ယခုအခါ ပန်းခင်းစီမံချက်အဆင့် (၃)ဖြင့် မြို့နယ်အတွင်းနေ ပြည်သူများအား မေ ၃ ရက်မှ စတင်ကာ စက်တင်ဘာ ၃၀ ရက်အထိ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ဟားခါးမြို့၏ အဓိကတည်နေရာ ရေရှည်တည်တံ့ခိုင်မြဲစေရန်နှင့် တားမြစ်အပင်ဖြစ်သည့် ထင်းရှူးပင်နှင့် ဒေသမျိုးရင်းသစ်မျိုးများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တရားမဝင် သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းမှ တားဆီးကာကွယ်နိုင်ရန်၊ တရားမဝင်အမဲလိုက်ခြင်းအား ကာကွယ်တားဆီး နိုင်ရန်၊ မြေပြိုတိုက်စားခြင်းနှင့် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန်၊ ရာသီဥတု သာယာမျှတစေပြီး စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းကာကွယ်ရန်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းသက်သာစေရန်ရည်ရွယ်၍ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောအဖြစ် ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

ရှန်းတောင်ကြိုးပြင်ကာကွယ်တောသတ်မှတ်ခြင်းဖြင့် အဆိုပါဧရိယာအတွင်း ပေါက်ရောက်လျက်ရှိသော တားမြစ်သစ်ပင်ဖြစ်သည့် ထင်းရှူးပင်နှင့် ဒေသမျိုးရင်းသစ်မျိုးများဖြစ်သည့် ထင်းရှူးပင်၊ ချယ်ရီပင်၊ တောင်ဇလပ်ပင်၊ ဝက်သစ်ချပင်၊ သစ်အယ်ပင်၊ မိုင်းဘောပင်၊ ကရဝေးပင်နှင့် သစ်ကြားပင် စသည်တို့အား ထိန်းသိမ်းနိုင်မည့်အပြင် သဘာဝပန်းအလှပင်များ၊ ချိုချဉ်သစ်ခွ၊ နုခါသစ်ခွ၊ ငါးရိုးသစ်ခွ စသည့်သစ်ခွမျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချေ၊ တောကြောင်၊ ယုန် စသည့်တိရစ္ဆာန်များ၏ နေထိုင်ကျက်စားရာဒေသအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ဟားခါးမြို့ သောက်သုံးရေရရှိရေးအတွက် အထောက်အကူဖြစ်စေသည့် စိမ့်စမ်းရေထွက်များအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ပါသည်။

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်**
**ထိန်းသိမ်းရေးဝန်ကြီးဌာန**



မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူပွဲကို ဇွန် ၁၁ ရက်က မြင်းဘက်ရပ်ကွက် အမေထိန်းခန်းမရှေ့၌ ကျင်းပစဉ်။ (အဆိုပါ မြေစိုက်ပိုစတာကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်၊ အဖွဲ့ဝင် ဗိုလ်မှူး ထွန်းမင်းဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး နေထွန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။) **မင်းမင်းထွေး(ပျော်ဘွယ်)**

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၁၂**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်သည်။

**မိုး/ဇလ**

## ပြင်းထန်သည့်လေထုမငြိမ်သက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များကို စင်ကာပူလေကြောင်းလိုင်းမှ လျော်ကြေးငွေပေးမည်ဟု ကြေညာ

**စင်ကာပူ ဇွန် ၁၂**

လွန်ခဲ့သည့်လအတွင်း စင်ကာပူလေကြောင်းလိုင်း လေယာဉ်ပေါ်တွင် လိုက်ပါလာသည့်ခရီးသည်များမှာ ပြင်းထန်သည့်လေထုမငြိမ်သက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အဆိုပါခရီးသည်များကို လျော်ကြေးငွေပေးအပ်သွားမည်ဟု စင်ကာပူလေကြောင်းလိုင်းမှ အရာရှိများက ကြေညာခဲ့သည်။

အဆိုပါ မတော်တဆဖြစ်ရပ်ကြောင့် လူတစ်ဦး သေဆုံးခဲ့ရသည်။ အသေးစားဒဏ်ရာရရှိသူများကို လျော်ကြေးငွေ အမေရိကန်ဒေါ်လာ ၁၀၀၀၀ ပေးသွားမည်ဟု လေကြောင်းလိုင်းအရာရှိများက ပြောသည်။ ဒဏ်ရာပြင်းထန်သူများကို ၎င်းတို့၏ ဒဏ်ရာအခြေအနေအရ လျော်ကြေးငွေပေးသွားရန် လာရောက်ဆွေးနွေးကြပါဟု ဖိတ်ခေါ်ထားသည်။

ကာလရှည်ပြုစုစောင့်ရှောက်မှုခံယူရန် လိုအပ်သူများကို ကြိုတင်ငွေပေးချေမှု အမေရိကန်ဒေါ်လာ ၂၅၀၀၀ ခန့်ပေးသွားမည်ဟု သိရသည်။ အဆိုပါလေယာဉ်ခရီးစဉ်တွင် လိုက်ပါလာသူများကို လေယာဉ်စီးခ အပြည့်အဝပြန်လည်ပေးသွားမည်ဟုလည်း လေကြောင်းလိုင်းအရာရှိများက ပြောသည်။ မေ ၂၁ ရက်က ဘိုအင်း ၇၇၇ လေယာဉ်သည် လန်ဒန်မှ စင်ကာပူသို့ပျံသန်းစဉ် ရုတ်တရက် ပြင်းထန်သည့် လေထုမငြိမ်သက်မှုဖြစ်ခဲ့ရာ တုန်ခါမှုဖြစ်ပွားပြီး ဘန်ကောက်မြို့အနီး သုဝဏ္ဏဘူမိလေဆိပ်တွင် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၂၂၉ ဦး လိုက်ပါလာခဲ့သည်။



အဆိုပါဖြစ်စဉ်အတွင်း အသက် ၇၃ နှစ်အရွယ် ဗြိတိန်အမျိုးသားတစ်ဦး နှလုံးရောဂါကြောင့် သေဆုံးခဲ့ရသည်။ စင်ကာပူသယ်ယူပို့ဆောင်ရေး အာဏာပိုင်များသည် အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အဆိုပြုချက်နှင့်ပတ်သက်ပြီး အစ္စရေးနှင့် ဟားမားစ်တို့ အပြန်အလှန်အပြစ်တင်

**ဂျေရုဆလင် ဇွန် ၁၂**

အစ္စရေးနှင့် ဟားမားစ်တို့သည် အမေရိကန် ပြည်ထောင်စုက ထုတ်ပြန် ကြေညာလိုက်သော အပစ်အခတ်ရပ်စဲရေးနှင့် ဓားစာခံ လွှတ်ပေးရေး အဆိုပြုချက်ကို လက်မခံမှုနှင့်ပတ်သက်ပြီး အပြန်အလှန် အပြစ်တင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုက သီတင်းခြောက်ပတ်ကြာ အပစ်အခတ်ရပ်စဲရေးနှင့် ဟားမားစ်အဖွဲ့ကဖမ်းဆီးထားသော ဓားစာခံများ လွှတ်ပေးရေးပါဝင်သည့် အဆင့်သုံးဆင့်ပါ အစီအစဉ်တစ်ရပ်ကို လွန်ခဲ့သည့်လက ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယင်းအဆိုပြုချက်ကို ထောက်ခံသော ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ၎င်းကိုလက်ခံရန် နှစ်ဖက်စလုံးကို တောင်းဆိုထားသည်။ အီဂျစ်နှင့် ကာတာနိုင်ငံတို့က စေ့စပ်ညှိနှိုင်းသူများအဖြစ် ဆောင်ရွက်လျက်ရှိပြီး ဟားမားစ်အဖွဲ့၏ တုံ့ပြန်မှုအစီအစဉ်ကို လက်ခံရရှိခဲ့ကြောင်း အင်္ဂါနေ့တွင် ပြောသည်။ သို့သော်လည်း အသေးစိတ်ကို ဖော်ပြထားခြင်းမရှိပေ။

ဟားမားစ်အဖွဲ့က ဓားစာခံ လွှတ်ပေးရေး အဆိုပြုချက်ကို ပယ်ချလိုက်ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို သတင်းဌာနတစ်ခုက ကိုးကားဖော်ပြထားသည်။

ဗုဒ္ဓဟူးနေ့တွင် အစ္စရေးက ထိုးစစ်ဆင် တိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်နေမည်ဟု ယုံကြည်ရကြောင်း၊ ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ပဋိပက္ခစတင်ဖြစ်ပွားပြီး နောက်ပိုင်း ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၇၁၆၄ ဦး ရှိသည်ဟု ဂါဇာ ကျန်းမာရေး အာဏာပိုင်များက ပြောသည်။

**အင်န်အိတ်ချ်ကေ**



## ပါလက်စတိုင်းများကို ကူညီထောက်ပံ့ရန် နောက်ထပ်ကန်ဒေါ်လာသန်း ၄၀၀ ကျော် ပေးမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကြေညာ

**ဝါရှင်တန် ဇွန် ၁၂**

ဂါဇာဒေသရှိ ပါလက်စတိုင်းပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နောက်ထပ်အမေရိကန် ဒေါ်လာသန်း ၄၀၀ ကျော် ပေးအပ်သွားမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ကြေညာခဲ့သည်။ ဇွန် ၁၁ ရက်က ဂျော်ဒန်နိုင်ငံတွင်ပြုလုပ်သည့် ညီလာခံ၌ ဘလင်ကန်က ယခုလိုကြေညာခဲ့ခြင်းဖြစ်သည်။ ဒေါ်လာ ၄၀၄ သန်းတန် အကူအညီပေးရေးအစီအစဉ်တွင် အစားအသောက်ထောက်ပံ့မှု၊ သောက်သုံးရေ၊ ဆေးဝါးနှင့် ရွက်ဖျင်တဲများ ပါဝင်သည်။

မကြာသေးမီလပိုင်းအတွင်း အစ္စရေးတို့သည် ထောက်ပံ့ရေးလမ်းကြောင်း အတားအဆီးများကို ဖြေရှင်းနိုင်ရေးအတွက် ဖြတ်သန်းရေးဂိတ်များကိုဖွင့်ပေးရန် အရေးပါသည့် ခြေလှမ်းအချို့ကို လုပ်ဆောင်ထားကြောင်း ဘလင်ကန်က ဆက်လက်ပြောကြားခဲ့သည်။ သို့သော်လည်း နောက်ထပ်ပို၍လုပ်ဆောင်ရဦးမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အရပ်သားများ သေကျေပျက်စီးမှုလျှော့ချနိုင်ရေး နောက်ထပ်အရေးပါသည့် ခြေလှမ်းများဆက်လက်လုပ်ဆောင်ရန်လည်း အစ္စရေးကို တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## ကူဝိတ်နိုင်ငံတောင်ပိုင်း၌ မီးလောင်၊ ၄၁ ဦးထက်မနည်းသေဆုံး

**ကူဝိတ်စီးတီး ဇွန် ၁၂**

ကူဝိတ်နိုင်ငံတောင်ပိုင်း မန်ဂတ်ဖ်မြို့တွင် ဇွန် ၁၂ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့ရာ ၄၁ ဦးထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများပြားကြောင်း ပြည်ထဲရေးဝန်ကြီး ရှိတ်ခ်ဖာဟတ်ယူဆက်ဖ် အယ် -ဆာဘတ်က ပြောသည်။ မီးလောင်မှုကြောင့် ၄၁ ဦး သေဆုံးခဲ့သည်ဟု ၎င်းက ကူဝိတ်ရုပ်သံလိုင်းသို့ပြောကြားသည်။

အဆောက်အအုံပိုင်ရှင် အပါအဝင် အဆိုပါဖြစ်ရပ်တွင်ပါဝင်သူများအားလုံးကို မှုခင်းဆေးစစ်အဖွဲ့မှ စစ်ဆေးမှုမပြီးမချင်း ဖမ်းဆီးထိန်းသိမ်းရန် ညွှန်ကြားထားကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။ အလုပ်သမားအများစုနေထိုင်ရာ ခြောက်ထပ်လူနေ အဆောက်အအုံတွင် မီးလောင်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့ ပြည်သူ့ဆက်ဆံရေး ညွှန်ကြားရေးမှူး မိုဟာမက်အယ်ဂဟာရစ်က ပြောသည်။



သေဆုံးသူ အများစုမှာ အိပ်ပျော်နေစဉ်အတွင်း မီးခိုးငွေ့ရှူရှိုက်မိခြင်းကြောင့် သေဆုံးခြင်းဖြစ်သည်။ နေထိုင်သူအများစုကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့သည်ဟု သိရသည်။ အဆိုပါ အဆောက်အအုံတွင် အလုပ်သမား ၁၆၀ ခန့်နေထိုင်ပြီး အများစုမှာ အိန္ဒိယနိုင်ငံသားများ ဖြစ်ကြသည်ဟု သိရသည်။ **ဆင်ဟွာ**

## တောင်အာဖရိကနိုင်ငံ၌ အတည်ပြုမျောက်ကျောက်ရောဂါဖြစ်ပွားသူငါးဦး တွေ့ရှိပြီးနောက် တပ်လှန့်သတိပေး

**ဂျိုဟန်နစ္စဘတ် ဇွန် ၁၂**

တောင်အာဖရိကနိုင်ငံသည် မေလတွင် မျောက်ကျောက်ရောဂါဖြစ်ပွားပြီးနောက် တပ်လှန့်သတိပေးထားကြောင်း ကျန်းမာရေးဝန်ကြီး ဂျိုးဖာအာလာက ဗုဒ္ဓဟူးနေ့တွင် ပြောသည်။ ထို့ပြင် သေဆုံးသူတစ်ဦးအပါအဝင် ဓာတ်ခွဲအတည်ပြုရောဂါဖြစ်ပွားသူ ငါးဦးရှိလာကြောင်းလည်း ၎င်းက ပြောသည်။

မျောက်ကျောက်ရောဂါ ဖြစ်ပွားသူ ငါးဦးရှိကြောင်း၊ သုံးဦးမှာ ကွာဇူလူနာတဲလ် ပြည်နယ်နှင့် နှစ်ဦးမှာ ဂွာတန်ပြည်နယ်မှ ဖြစ်ကြောင်း၊ ၎င်းတို့မှာ အသက် ၃၀ အရွယ်နှင့် ၃၉ နှစ်အရွယ်ကြားရှိပြီး ခရီးသွားရာဇဝင်မရှိကြောင်း ဖာအာလာက မီဒီယာသို့ပြောသည်။

နှစ်ဦးမှာ ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိပြီး နှစ်ဦးမှာ ဆေးရုံမှ ဆင်းခွင့်ရရှိပြီဖြစ်ကြောင်းနှင့် အခြားတစ်ဦးမှာ ဂျိုဟန်နစ္စဘတ်မြို့ရှိ ဆေးရုံတစ်ရုံ၌ တနင်္လာနေ့က သေဆုံးသွားခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုမျောက်ကျောက်ရောဂါ ဖြစ်ပွားသူနှစ်ဦးရှိပါက မျောက်ကျောက်ရောဂါဖြစ်ပွားသည်ဟု သတ်မှတ်ထားသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၂၄ ခုနှစ် မေ ၃၁ ရက်အထိ နိုင်ငံပေါင်း ၁၁၇ နိုင်ငံမှ သေဆုံးသူ ၁၈၆ ဦး အပါအဝင် မျောက်ကျောက်ရောဂါ ဓာတ်ခွဲအတည်ပြု ဖြစ်ပွားသူပေါင်း ၉၇၂၀၈ ဦးရှိကြောင်း အစီရင်ခံဖော်ပြထားသည်။

တောင်အာဖရိက နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် မျောက်ကျောက်ရောဂါဖြစ်ပွားသူမရှိကြောင်း သိရသည်။ **ဆင်ဟွာ**

# မွန်ပြည်နယ်ဒေသထွက် နာနတ်သီးများ အရောင်းအဝယ်သွက်လျက်ရှိ



မွန်ပြည်နယ် ကျိုက်ထို၊ ဘီးလင်း၊ ကျိုက်မရော၊ မုဒုံ၊ ရေးစသည့်မြို့နယ်များတွင် နာနတ်သီးပင်များကို အများဆုံးစိုက်ပျိုးကြပြီး နာနတ်သီးပင်များ စိုက်ပျိုးရာတွင် ရော်ဘာပင်တန်းများ ကြားတွင် သီးညှပ်စိုက်ပျိုးကြကြောင်း၊ ယခုအချိန်တွင် နာနတ်သီးမှည့်များ ထွက်ပေါ်လျက်ရှိပြီး နာနတ်သီးဈေးနှုန်းများအနေဖြင့်အရွယ်အစားအပေါ်မူတည်၍ ရောင်းချလျက်ရှိကာ ပွဲစားများက နာနတ်သီးခြံများသို့လာရောက်ဝယ်ယူ၍ဒေသတွင်း ဈေးကွက်နှင့် အခြားမြို့များသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း နှင့် ယခုနှစ် မိုးဦးကာလတွင် မွန်ပြည်နယ်ထွက် နာနတ်သီးများ ဈေးကွက်အတွင်း အရောင်းအဝယ်သွက်လျက် ရှိကြောင်း သစ်သီးဝလံရောင်းချသူများထံမှ သိရသည်။

DOCA (မွန်)

# မြေပဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မွန်ပြည်နယ်၌ မြေပဲကို သံလွင်မြစ်ကမ်းတစ်လျှောက်ရှိ လယ်ကွက်များနှင့် ကုန်းမြေမြင့်များတွင် စိုက်ပျိုးလေ့ရှိပြီး မိုးမြေပဲ (မိုးစိုက်) နှင့်ဆောင်းမြေပဲ (ဆောင်းစိုက်) ဟူ၍ စိုက်ပျိုးကြပြီး မိုးမြေပဲကို ကုန်းမြေအမြင့်များတွင် စိုက်ပျိုးကာ ဆောင်းမြေပဲကို လယ်ကွက်များ၌ စိုက်ပျိုးကြကြောင်း သိရသည်။

မွန်ပြည်နယ်၌ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာနှစ်တွင် မြေပဲစိုက်ဧကစုစုပေါင်း ၂၀၀၄၈ ဧကရှိပြီး စိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ရာ အထွက်နှုန်း အနေဖြင့်တစ်ဧကလျှင် ၆၂ ဒသမ ၀၉ တင်းနှုန်းဖြင့် အထွက် တင်းပေါင်း ၁၂၄၄၇၈၁ တင်း ထွက်ရှိကြောင်း စိုက်ပျိုးရေး ဦးစီးဌာန၏ စာရင်းများအရ သိရသည်။ မြေပဲစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်းငွေကျပ် ၇၇၅၀၀၀ ကုန်ကျပြီး ဈေးကွက်အနေဖြင့် မွန်ပြည်နယ်ဒေသတွင်း ဆီကြိတ်ခွဲရောင်းချမှုနှင့် မုန့်ပဲသရေစာထုတ်လုပ်သည့် လုပ်ငန်းများသို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

DOCA (မွန်)

# ကျောက်ဆည်ခရိုင်၌ ပဲတီစိမ်း(မိုးကြို)သီးနှံများ အရောင်းအဝယ်ဖြစ်မှု အခြေအနေ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်လျက်ရှိပြီး ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပဲတီစိမ်း (မိုးကြို) သီးနှံစိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်၌ ၅၇၆၁ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၄၄၉၇ ဧက၊ မြစ်သားမြို့နယ်၌ ၈၄၁၁ ဧက၊ စုစုပေါင်း ၁၈၆၆၉ ဧက စိုက်ပျိုးထားရှိကြောင်း ခရိုင်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ပဲတီစိမ်း (မိုးကြို) သီးနှံကို မတ်လမှစတင်၍ ဆည်ရေသောက်ရေသွင်းစနစ်ဖြင့် အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် မျိုးအနေဖြင့် အရည်အသွေးနှင့်အထွက်နှုန်း ကောင်းမွန်သော ရေဆင်း-၁၁ မျိုးနှင့် ကျောက်စိမ်းမျိုးများကို စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ ကျပ်ခန့် ကုန်ကျကြောင်း သိရသည်။

ပဲတီစိမ်း (မိုးကြို) သီးနှံကို ဇွန်လဆန်းမှ စတင်၍ ရိတ်သိမ်းလျက်ရှိရာ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ပွဲရုံများမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ယခုနှစ်ပဲတီစိမ်း (မိုးကြို) သီးနှံဈေးနှုန်းများမှာ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် အကျိုးအမြတ်များ ပိုမိုရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

DOCA(မန္တလေး)



# မကွေးဈေးကွက်၌ ပဲစင်းငုံအနီ၊ မတ်ပဲနှင့် နှမ်းနက်(စမုန်) အရောင်းအဝယ်ဖြစ်မှုအခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့်ကျေးရွာများနှင့် စလင်း၊ ဆင်ဖြူကျွန်း၊ နတ်မောက်မြို့များမှ ထွက်ရှိသော ပဲစင်းငုံအနီ၊ မတ်ပဲ၊ ကုလားပဲအမျိုးမျိုး၊ ပဲကြီး၊ စားတော်ပဲ၊ နှမ်းမျိုးစုံနှင့် အခြားပဲမျိုးစုံများ မကွေး ဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ဇွန်လ ပထမပတ်တွင် ပဲစင်းငုံအနီ၊ မတ်ပဲနှင့် နှမ်းနက်(စမုန်) စုစုပေါင်း တန်ချိန် ၁၃၀ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်မှ သိရသည်။

DOCA (မကွေး)

## ၁၂-၆-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၃၀၀ | | ၇၀၀၀ | ၁၇၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၁၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၈၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၅၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၁၃၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၅၀၀ | | ၇၅၀၀ | ၁၇၀၀၀ | - | ၁၇၅၀၀ | ၄၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၁၄၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၄၀၀ | ၇၅၀၀ | ၁၆၅၀၀ | ၅၉၅၀ | ၁၈၀၀၀ | ၃၀၀၀ | ၁၁၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၀၀၀ | ၅၃၀၀ | ၁၅၀၀၀ | ၂၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၄၀၀၀ | | ၆၀၀၀ | ၁၅၅၀၀ | ၆၁၀၀ | ၁၀၀၀၀ | ၃၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၆ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၉၀၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၄၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၆၁၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၀၅၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၇၀၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၈ | မြိတ် | ၄၀၀၀ | | ၆၁၀၀ | ၁၆၅၀၀ | ၆၁၅၀ | ၁၄၀၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၃၅၀၀ | ၉၆၀၀ | ၁၅၀၀၀ | ၉၅၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၅၃၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၉ | ရန်ကုန် | ၄၀၀၀ | | ၆၀၀၀ | ၁၇၀၀၀ | ၅၇၅၀ | ၉၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၈၀၀ | ၇၅၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၂၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၀ | ပုသိမ် | ၃၈၅၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၇၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၇၀၀၀ | | ၂၂၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၄၀၀၀ | ၆၄၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၇၂၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၃ | မန္တလေး | ၄၇၀၀ | | ၇၂၀၀ | ၁၄၅၀၀ | ၆၂၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၈၀၀ | ၆၉၀၀ | ၆၅၀၀ | ၆၀၀၀ | ၃၅၀၀ | ၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၂၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀ | ၇၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မကွေး | ၃၈၅၀ | | ၇၅၅၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၁၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၇၀၀ | ၃၄၀၀ | ၅၀၀၀ | ၁၃၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပြည် | ၃၄၀၀ | | ၆၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | | ၁၀၀၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၇ | ပဲခူး | ၃၄၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၅၈၀၀ | ၈၀၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၄၅၀ | ၇၄၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၆၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၈၅၀ | | ၆၈၅၀ | ၁၅၂၀၀ | ၅၇၀၀ | ၁၁၈၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၅၂၀၀ | ၁၇၅၀၀ | ၁၈၅၀၀ | ၂၅၀၀၀ | ၁၁၀၀၀ |
| ၁၉ | နေပြည်တော် | ၃၈၅၀ | | ၆၈၅၀ | ၁၅၈၀၀ | ၅၇၀၀ | ၁၁၂၀၀ | ၂၆၀၀ | ၁၂၆၀၀ | ၁၃၂၀၀ | ၇၂၀၀ | ၉၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၀၀၀ | ၆၂၀၀ | ၃၀၀၀ | ၅၂၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၆၀၀၀ | ၁၁၀၀၀ |
| ၂၀ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၁၀၀၀၀ | ၂၅၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၁၂၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၂၁၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |

## စဉ့်ကူးမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ



**စဉ့်ကူး ဇွန် ၁၂**

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်း ကောက်ကြစို့" အသိပညာပေး ဆိုင်းဘုတ်စိုက်ထူခြင်းကို ယမန်နေ့က စဉ့်ကူးမြို့ အမှတ် (၁) ရပ်ကွက်၌ကျင်းပရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်နိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း "ပြည်သူအားလုံး ပါဝင်လို့ သန်းခေါင်စာရင်းကောက်ကြစို့" အသိပညာပေး ပိုစတာနှင့် လက်ကမ်းစာစောင်များကို မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် သန်းခေါင်စာရင်း ကော်မတီဝင်များထံ ဖြန့်ဝေပေးပြီး သန်းခေါင်စာရင်း ကော်မတီဝင်များက မြို့လယ်ကားလမ်းမကြီးပေါ်၌ ဖြတ်သန်းသွားလာသည့် ပြည်သူများထံ အသိပညာပေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မလေးရှား ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာပြေးခုန်ပစ်အဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် ဇွန် ၁၂**

မြန်မာပြေးခုန်ပစ်အဖွဲ့သည် မလေးရှား ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲနှင့် ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ဇွန် ၁၂ ရက်က သက်ဆိုင်ရာနိုင်ငံများသို့ ထွက်ခွာသွားသည်။

မလေးရှား ချန်ပီယံရှစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အဖွဲ့တွင် **(အောက်ပုံ)** အုပ်ချုပ်/နည်းပြအဖြစ် ဦးထွန်းတင်၊ ကစားသမားများအဖြစ် အမျိုးသား-ပြည့်ဖြိုးထွန်း၊ အမျိုးသမီး-ဇင်မေထက်တို့ ပါဝင်သည်။ ယင်းကစားသမားနှစ်ဦးစလုံးသည် လမ်းလျှောက်ပြိုင်ပွဲတွင် ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။

ထိုင်းအိုးပင်း ပြေးခုန်ပစ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာပြေးခုန်ပစ်အဖွဲ့တွင် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးကိုကိုလေး၊ အုပ်ချုပ်သူအဖြစ် ဦးကျော်ထူးအောင်၊ နည်းပြအဖြစ် ဦးကျော်စွာမိုး၊ ဒေါ်ခင်အုန်း၊ ကစားသမားများအဖြစ် ကျော်မင်းအောင် (မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀)၊ ကျော်သင်းစံ (မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀)၊ ရဲရင့် အောင် (မီတာ ၁၅၀၀)၊ ဟိန်းထက်အောင် (မီတာ ၈၀၀၊ မီတာ ၁၅၀၀)၊ ထက်ရှိုင်းအောင် (မီတာ ၁၀၀၊ မီတာ ၂၀၀)၊ ထက်ဝေယံ (သံလုံးပစ်၊ သံပြားဝိုင်းပစ်)၊ နန်းထက်မောင် (လှံတံပစ်)၊ ပိုင်ထက်ပိုင် (အလျားခုန်)၊ သွယ်သွယ်မိုး (ကြိုးတပ်သံလုံးပစ်)၊ အိအိဝိုင်း (မီတာ ၅၀၀၀၊ မီတာ ၁၀၀၀၀) တို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပြေးခုန်ပစ်အဖွဲ့ ယှဉ်ပြိုင်မည့် မလေးရှားချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲကို ဇွန် ၁၄ ရက် မှ ၁၆ ရက်အထိ၊ ထိုင်းအိုးပင်းပြိုင်ပွဲကို ဇွန် ၁၄ ရက်မှ ၁၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ - ကိုထွန်း**



## ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲများပြီးဆုံး နောက်တစ်ဆင့်တက်ရောက်သည့်အသင်းများ စုံလင်စွာထွက်ပေါ်

**ရန်ကုန် ဇွန် ၁၂**

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပွဲစဉ်များမှာ ဇွန် ၁၁ ရက်က ပြီးဆုံးခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်သည့် အသင်းများ စုံလင်စွာ ထွက်ပေါ်လာပြီဖြစ်သည်။ မြန်မာအသင်းမှာမူ အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့သဖြင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ဆက်ကစားခွင့်မရဘဲ အာရှဖလားခြေစစ်ပွဲသာ ကစားရမည်ဖြစ်သည်။

ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ အုပ်စုကိုးခုတွင် အမှတ်အများဆုံး ရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲ အောင်မြင်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့်ခြေစစ်ပွဲ ကစားခွင့်ရမည်ဖြစ်သည်။ အမှတ်အနည်းဆုံး နှစ်သင်းစီမှာမူ ကမ္ဘာ့ဖလားခြေစစ်ပွဲ ကစားခွင့်မရဘဲ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲသာ ဆက်လက်ကစားရမည်ဖြစ်သည်။

ဒုတိယအဆင့်ခြေစစ်ပွဲအပြီးတွင် အုပ်စု (A) ၌ ကာတာအသင်းက ရမှတ် ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ကူဝိတ်အသင်းက ခုနစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (B) ၌ ဂျပန်အသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ မြောက်ကိုရီးယားအသင်းက ကိုးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (C) ၌ တောင်ကိုရီးယားအသင်းက ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ တရုတ်အသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (D) ၌ အိုမန်အသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ကာဂျစ္စတန်အသင်းက ၁၁ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (E) ၌ အီရန်အသင်းက ၁၄ မှတ်ဖြင့် အုပ်စုပထမ၊ ဥဇဘက်ကစ္စတန်အသင်းက ၁၄ မှတ်ဖြင့် အုပ်စုဒုတိယရသည်။

အုပ်စု (F) ၌ အီရတ်အသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက ၁၀ မှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု (G) ၌ ဂျော်ဒန်အသင်းက ၁၃ မှတ်ဖြင့် အုပ်စုပထမ၊ ဆော်ဒီအာရေဗျအသင်းက ၁၃ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (H) ၌ ယူအေအီးအသင်းက ၁၆ မှတ်ဖြင့် အုပ်စုပထမ၊ ဘာရိန်းအသင်းက ၁၁ မှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (I) ၌ ဩစတြေးလျအသင်းက ၁၈ မှတ်ဖြင့် အုပ်စုပထမ၊ ပါလက်စတိုင်းအသင်းက ရှစ်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ၂၀၂၇ အာရှဖလား ခြေစစ်ပွဲအောင်မြင်ပြီး ၂၀၂၆ ကမ္ဘာ့ဖလား တတိယအဆင့် ခြေစစ်ပွဲ ဆက်လက်ကစားခွင့်ရမည်ဖြစ်သည်။

အမှတ်အနည်းဆုံး ရရှိသည့် အုပ်စု (A) မှ အိန္ဒိယအသင်းနှင့် အာဖဂန်နစ္စတန်အသင်း၊ အုပ်စု (B) မှ ဆီးရီးယားအသင်းနှင့် မြန်မာအသင်း၊ အုပ်စု (C) မှ ထိုင်းအသင်းနှင့် စင်ကာပူအသင်း၊ အုပ်စု (D) မှ မလေးရှားအသင်းနှင့် တရုတ်(တိုင်ပေ) အသင်း၊ အုပ်စု (E) မှ တာ့ခ်မင်နစ္စတန်အသင်းနှင့် ဟောင်ကောင်အသင်း၊ အုပ်စု (F) မှ ဗီယက်နမ်အသင်းနှင့် ဖိလစ်ပိုင်အသင်း၊ အုပ်စု (G) မှ တာဂျစ်ကစ္စတန်အသင်းနှင့် ပါကစ္စတန်အသင်း၊ အုပ်စု (H) မှ ယီမင်အသင်းနှင့် နီပေါအသင်း၊ အုပ်စု (I) မှ လက်ဘနွန်အသင်းနှင့် ဘင်္ဂလားဒေ့ရှ်အသင်းတို့မှာ ၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ ဆက်လက်ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်၊ မြောက်ကိုရီးယား၊ ဆီးရီးယားတို့နှင့် တစ်အုပ်စုတည်းကျရောက်ခဲ့ပြီး ရမှတ်တစ်မှတ်သာ ရယူနိုင်ခဲ့သည်။ မြန်မာအသင်းသည် ဆီးရီးယားအသင်းကိုသာ အိမ်ကွင်းတွင် သရေကျခဲ့ပြီး ကျန်ငါးပွဲစလုံး ဂိုးပြတ်အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဇွန် ၁၁ ရက်က လာအိုနိုင်ငံ၌ ကစားသည့် မြောက်ကိုရီးယားနှင့် နောက်ဆုံးပွဲတွင် လေးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်လွင်**

## မုတ်သုံလေ အားကောင်းနေ

**ရန်ကုန် ဇွန် ၁၂**

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။

**မိုး/ဇလ**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလိုနှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိ



**နေပြည်တော် ဇွန် ၁၂**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလိုနှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-တာချီလိတ်သွားကားလမ်းနှင့် မြို့ရှောင်လမ်းဆုံတွင် ကျိုင်းတုံဘက်မှ တာချီလိတ်သို့ မောင်းနှင်လာသည့် TOYOTA HILUX မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းရာ မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးစဉ် အဆိုပါယာဉ်မှာ ဂျိုးဖြူကျေးရွာလမ်းဆုံအနီး တိမ်းမှောက်သွားခဲ့ပြီး ယာဉ်ပေါ်ပါ မျိုးကို (ခ) မျိုးကြီး ကို ဖမ်းဆီးရမိခဲ့ကာ ယာဉ်မောင်းရဲကြီးမှာ ထွက်ပြေး တိမ်းရှောင်သွားခဲ့သည်။

အဆိုပါယာဉ်ကိုရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၅၀၀၊ ကက်တမင်း ကီလို ၂၀၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ယာဉ်ပိုင်ရှင် ထက်ကြည်စိုးကို ဇွန် ၉ ရက် နံနက် ၁ နာရီတွင် ကျိုင်းတုံမြို့ ရပ်ကွက် (၃) ရှိ ၎င်း၏နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

စစ်ဆေးချက်အရ သိမ်းဆည်းရမိ စိတ်ပြောင်းဆေးဝါးများကို ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်မှ ကျိုင်းတုံသို့သယ်ဆောင်ခဲ့သည့် NISSAN DIESEL ၁၀ ဘီးယာဉ်ကို ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာ ကားကြီးကွင်းရှေ့တွင် ဆက်လက်သိမ်းဆည်းရမိခဲ့ပြီး သိမ်းဆည်းရမိစိတ်ပြောင်းဆေးဝါးများကို ကွန်ဟိန်းမြို့နယ်မှ တာချီလိတ်မြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိကာ ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမဝါယမစနစ်ကို လေ့လာခြင်း

**ခန့်ဇော်(ကျေးလက်)**

**အာရှ-ပစိဖိတ် အပြည်ပြည်ဆိုင်ရာသမဝါယမ မဟာမိတ်အသင်း(International Cooperatives Alliance Asia and Pacific (ICA-AP))၏အဆိုအရ သမဝါယမအသင်းများသည် အများသဘောတူ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ လိုအပ်ချက်၊ ရည်မှန်းချက်များ ပြည့်မြောက်စေရန် အသင်းဝင်များကိုယ်တိုင် စီမံဆောင်ရွက်ရသည့် ပြည်သူ့ဇဟိုပြုစီးပွားရေးလုပ်ငန်းများဖြစ်သည်ဟု ဆိုပါသည်။**

### သမဝါယမ၏တန်ဖိုး

သမဝါယမတန်ဖိုးသည် မိမိကိုယ်မိမိ တာဝန်ယူခြင်း၊ ကူညီခြင်း၊ ဒီမိုကရေစီ၊ တန်းတူညီမျှမှု၊ တရားမျှတမှု၊ စည်းလုံးညီညွတ်မှု စသည့်တန်ဖိုးများအပေါ် အခြေခံထားရှိပြီး ထုံးတမ်းစဉ်လာအရ ရိုးသားမှုပွင့်လင်းမှု၊ လူမှုရေးရာတာဝန်ယူမှုများမှာ သမဝါယမ၏ ကျင့်ဝတ်တန်ဖိုးများဖြစ်ပါသည်။

### သမဝါယမ၏အခြေခံမူများ

သမဝါယမတန်ဖိုးများကို လက်တွေ့ကျင့်သုံးရန် အခြေခံမူများသတ်မှတ်ထားရှိရာ ၎င်းတို့မှာ-

၁။ ဆန္ဒအလျောက်အသင်းဝင်မှုနှင့် အသင်းဝင်ဖြစ်ရန် ကန့်သတ်ချက်များ မထားရှိခြင်း၊

၂။ အသင်းဝင်များအား ဒီမိုကရက်တစ်နည်းလမ်းဖြင့်သာ ထိန်းကွပ်ပဲ့ကိုင်ခြင်း၊

၃။ အဖွဲ့ဝင်များ အညီအမျှထည့်ဝင်၍ စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း၊

၄။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် လွတ်လပ်ခွင့်ရှိခြင်း၊

၅။ ပညာပေးခြင်း၊ လေ့ကျင့်သင်ကြားပေးခြင်းနှင့် သတင်းအချက်အလက်များ မျှဝေခြင်း၊

၆။ သမဝါယမ အသင်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့်

၇။ အဖွဲ့အစည်း၏ အကျိုးစီးပွားအတွက် ဖွဲ့စည်းထားသော လုပ်ငန်းဖြစ်ခြင်းတို့ ဖြစ်ပါသည်။

အာရှ-ပစိဖိတ် အပြည်ပြည်ဆိုင်ရာ သမဝါယမ မဟာမိတ်အသင်း (ICA-AP)တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဖွဲ့ဝင်သမဝါယမအသင်း လေးသင်းပါဝင်ကြောင်း လေ့လာသိရှိရပါသည်။ တရုတ်နိုင်ငံသည် လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်ကတည်းကပင် သမဝါယမစနစ် ဆောင်ရွက်ခဲ့ပြီး မြို့ရွာများ၏ ၉၅ ရာခိုင်နှုန်းတွင် အခြေခံကုန်စည်ပေးသွင်းမှုနှင့် ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းများ ရှိပါသည်။ စိုက်ပျိုးရေး၊ လက်မှုပညာနှင့် ကျေးလက်ချေးငွေလုပ်ငန်းကဏ္ဍများသည် လူကြိုက်အများဆုံးဖြစ်ပြီး စိုက်ပျိုးရေးဆိုင်ရာ လူမှုဝန်ဆောင်မှုလုပ်ငန်းများ၊ ကျေးလက်ဒေသ E-commerce လုပ်ငန်းများနှင့် ငွေကြေးဆိုင်ရာ သမဝါယမအသင်းအဖွဲ့များကဲ့သို့သော ကုန်စည်ပေးသွင်းမှု၊ ဝန်ဆောင်မှုနှင့် ဈေးကွက်ရှာဖွေရေးဆိုင်ရာ သမဝါယမအသင်းများသည် ကျေးလက်ဒေသစီးပွားရေးဖွံ့ဖြိုးမှုတွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

### သမဝါယမကဏ္ဍဖွဲ့စည်းပုံအဆင့်ဆင့်

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သမဝါယမအသင်းအဖွဲ့များကို အဆင့်(၅)ဆင့်ဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၇ ခုနှစ်စာရင်းအရ နိုင်ငံတော်အဆင့်တွင် ကုန်စည်ပေးသွင်းမှုနှင့် ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ်(ACFSMC) တစ်ခု၊ ပြည်နယ်အဆင့်တွင် သမဝါယမအသင်းအဖွဲ့ ၃၂ဖွဲ့၊ ကောင်တီစီရင်စုအဆင့်တွင် ၃၄၂ ဖွဲ့၊ မြို့နယ်အဆင့်တွင် ၂၄၀၂ ဖွဲ့၊ ကျေးရွာအဆင့်တွင် သမဝါယမအသင်းအဖွဲ့ ၃၀၂၈၁ ဖွဲ့အထိရှိကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း သမဝါယမလုပ်ငန်းပေါင်း ၃၇၆၅၂ ခုအထိ ရှိလာပြီဖြစ်သည်။

ကျေးလက်လယ်ယာစီးပွားရေးကို မြှင့်တင်ရန်နှင့် အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ရန်အတွက် စီမံခန့်ခွဲရေးဘုတ်အဖွဲ့တွင် အနည်းဆုံး အမျိုးသမီးတစ်ဦး ကိုယ်စားပြု ပါဝင်စေသည်ကို တွေ့ရှိရပါသည်။ သမဝါယမအသင်းများတွင် အမျိုးသမီးခေါင်းဆောင် ၃၃ ရာခိုင်နှုန်းရှိပြီး အဖွဲ့ဝင်ထက်ဝက်ခန့်မှာ အမျိုးသမီးများဖြစ်ကြသည်။



ဟေလောင်ကျန်းစီရင်စုရှိ ရန်ဖာ(Renfa) ခေတ်မီလယ်ယာစက်ပစ္စည်းဝန်ဆောင်မှု သမဝါယမအသင်း၏ အကြီးစားလယ်ယာသုံးစက်ယန္တရား။ (Photo: Wei Rong)

❖ **တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သမဝါယမအသင်းအဖွဲ့များကို အဆင့်(၅)ဆင့်ဖြင့် ဖွဲ့စည်းထားရှိပြီး ၂၀၁၇ ခုနှစ်စာရင်းအရ နိုင်ငံတော်အဆင့်တွင် ကုန်စည်ပေးသွင်းမှုနှင့် ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ် (ACFSMC) တစ်ခု၊ ပြည်နယ်အဆင့်တွင် သမဝါယမအသင်းအဖွဲ့ ၃၂ ဖွဲ့၊ ကောင်တီစီရင်စုအဆင့်တွင် ၃၄၂ ဖွဲ့၊ မြို့နယ်အဆင့်တွင် ၂၄၀၂ ဖွဲ့၊ ကျေးရွာအဆင့်တွင် သမဝါယမအသင်းအဖွဲ့ ၃၀၂၈၁ ဖွဲ့အထိရှိကြောင်း သိရှိရပါသည်။ ၂၀၂၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်း သမဝါယမလုပ်ငန်းပေါင်း ၃၇၆၅၂ ခုအထိရှိလာ**

### တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ သမဝါယမကဏ္ဍပြောင်းလဲမှုသမိုင်း

၁၉၂၀ ပြည့်နှစ်အစောပိုင်းကာလတွင် စိုက်ပျိုးရေးဆိုင်ရာ ဈေးကွက်ရှာဖွေခြင်းနှင့် ချေးငွေလုပ်ငန်းဆိုင်ရာ သမဝါယမအသင်းများ စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၅၀ ပြည့်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ သမဝါယမအသင်းများအားလုံးကို စုစည်း၍ တရုတ်ကုန်စည်ပေးသွင်းမှုနှင့် ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းများဌာနချုပ်(United Headquarters of the Chinese Supply and Marketing Cooperatives)ကို ဖွဲ့စည်းခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ယင်းကို ကုန်စည်ပေးသွင်းမှုနှင့် ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းချုပ်(All-China Federation of Supply and Marketing Cooperatives-ACFSMC) အဖြစ်သို့ အမည်ပြောင်းလဲခဲ့ပါသည်။ စတင်ဖွဲ့စည်းချိန်မှစ၍ ACFSMC သည် တောင်သူများ၏ အကျိုးစီးပွားအတွက် ထောက်ပံ့ပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် သမဝါယမအသင်းအဖွဲ့များအတွက် စနစ်သစ်ကို ဖော်ဆောင်ရန် ကြိုးပမ်းခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ခေတ်မီဈေးကွက်ရှာဖွေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုအတွက် ဝန်ဆောင်မှုပေးသည့် ကွန်ရက်စနစ် (New Net Project)ကို စတင်အကောင်အထည်ဖော်ခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် လယ်ယာထွက်ကုန်များ တိုးမြင့်စေရန်နှင့် တောင်သူများဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ တောင်သူသမဝါယမအသင်းများကို ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်တွင် စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချမှုကိုမြှင့်တင်ရန် ကျေးရွာ၊ မြို့နယ်နှင့် ခရိုင်အဆင့်များတွင် E-Commerce စနစ်နှင့် ဖြန့်ဖြူးရေးစနစ်များကို စတင်ကျင့်သုံးခဲ့ရာ ၂၀၁၈ ခုနှစ်တွင် E-Commerce ကုမ္ပဏီပေါင်း ၁၅၇၁ ခုသည် သမဝါယမအသင်းများနှင့် လည်ပတ်လုပ်ဆောင်လျက်ရှိပြီဖြစ်သည်။

### သမဝါယမဥပဒေ

သမဝါယမအသင်းများ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ထိန်းကျောင်းကာကွယ်နိုင်ရန် ဥပဒေပြဋ္ဌာန်းခဲ့ရာ ပထမဆုံးသမဝါယမဥပဒေကို ကူမင်တန်အစိုးရလက်ထက် ၁၉၃၀ ပြည့်နှစ်တွင်လည်းကောင်း၊ ကျေးလက်ဒေသများ၌ သမဝါယမအသင်းများ ထူထောင်ရေး၊ အကာအကွယ်ပေးရေးနှင့် လိုအပ်သောအကူအညီများ ထောက်ပံ့ပေးရန် ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရ၏ သမဝါယမဥပဒေကို ၁၉၅၀ ပြည့်နှစ်တွင်လည်းကောင်း၊ ခေတ်မီစိုက်ပျိုးရေးစနစ်နှင့် စီမံခန့်ခွဲမှုစနစ်သစ်များ မြှင့်တင်ရန်နှင့် တောင်သူများဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ တောင်သူများကို အထူးပြုသည့်သမဝါယမဥပဒေကို ၂၀၀၇ ခုနှစ်တွင်လည်းကောင်း ပြဋ္ဌာန်းခဲ့ပါသည်။ တောင်သူအထူးပြုသည့်ဥပဒေကို ၂၀၁၇ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

### ၂၀၁၈ ခုနှစ် ဥပဒေရှိ အဓိကအချက်များ

ပြန်လည်ပြင်ဆင်သည့်ဥပဒေတွင် တောင်သူလယ်သမားများအား အလေးပေးသည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်ကို လေ့လာတွေ့ရှိရပါသည် -

(က) တောင်သူလယ်သမား သမဝါယမအသင်းများ တရားဝင်ဖွဲ့စည်းခွင့်ပြုခြင်း၊

(ခ) အသင်းဖွဲ့စည်းရာတွင် အမျိုးအစားတူလယ်ယာထွက်ကုန် လုပ်ကိုင်သူများဖြင့်သာ စုဖွဲ့ရမည်ဟူသည့် ကန့်သတ်ချက်အား ပယ်ဖျက်ခဲ့ခြင်း၊

(ဂ) သမဝါယမအသင်းဝင်များအား ၎င်းတို့၏ မြေယာစီမံခန့်ခွဲပိုင်ခွင့်နှင့် သစ်တောဆိုင်ရာ လုပ်ငန်းများလုပ်ကိုင်ခွင့်ကဲ့သို့ စိစစ်တွက်ချက်၍ရသော၊ လွှဲပြောင်းပေးအပ်နိုင်သော ငွေကြေးအရ မဟုတ်သည့်ပိုင်ဆိုင်မှုများအား ရင်းနှီးမြှုပ်နှံခွင့်ပေးခြင်း၊

(ဃ) လယ်ယာထွက်ကုန်များ ထုတ်လုပ်ရာတွင် အကြိုလုပ်ငန်းစဉ်အဆင့်တွင် အသုံးပြုသည့် ဓာတ်အားခကို လျှော့ပေါ့ပေးခြင်းနှင့် လယ်ယာထုတ်ကုန်များ၏ စံသတ်မှတ်ဈေးနှုန်းပေါ် မူတည်ကောက်ခံပြီး စက်မှုထုတ်ကုန်များ၏ ဓာတ်အားခထက် သက်သာခြင်း။

### စိုက်ပျိုးရေး သမဝါယမစနစ်မြှင့်တင်ခြင်းဖြင့် ကျေးလက်စီးပွားရေး အားကောင်းလာ

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် သမဝါယမစနစ်ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရပြီး အဓိကအားဖြင့် -

(က) မြေယာယုံကြည် အပ်နှံမှုမှတစ်ဆင့် အခြေခံ ဝန်ဆောင်မှုများပေးခြင်း (ထွန်ယက်ခြင်း၊ ရိတ်သိမ်းခြင်းနှင့် လယ်ယာထွက်ကုန်များ ရောင်းချခြင်းကဲ့သို့ ဝန်ဆောင်မှုများ)၊

(ခ) မြေယာလုပ်ကိုင်ခွင့် လွှဲပြောင်းခြင်းပေါ် အခြေခံသည့် အကြီးစားဝန်ဆောင်မှုများ၊

(ဂ) စိုက်ပျိုးရေးထုတ်ကုန်များကို အွန်လိုင်းမှတစ်ဆင့်ရောင်းချသည့်E-Commerce စနစ် ထူထောင်ပေးခြင်း၊

(ဃ) ထုတ်ကုန်များ ဖြန့်ဖြူးရေးကွန်ရက် ဖန်တီးပေးခြင်း၊

(င) နည်းပညာ ဝန်ဆောင်မှုများပေးခြင်း (ဥပမာ-မြေဆီလွှာစမ်းသပ်ပေးခြင်း)၊

(စ) သိပ္ပံနည်းကျသုတေသနပြုလုပ်ခြင်း၊

(ဆ) စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုအလုံးစုံ ပံ့ပိုးပေးခြင်း၊

(ဇ) စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးခြင်း၊

(ဈ) ပေါင်းစပ်ဝန်ဆောင်မှု စင်တာများ တည်ထောင်ပေးခြင်း (၂၀၁၈ ခုနှစ် စစ်တမ်းအရ ကျေးရွာ ၇၀ ရာခိုင်နှုန်းတွင် စင်တာပေါင်း ၄၂၀၀၀ တည်ဆောက်ပြီးဖြစ်ခြင်း)၊

(ည) စိုက်ပျိုးရေးအခန်းကဏ္ဍကို တိုးချဲ့ခြင်း (ပညာရေး၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ဂေဟာစနစ်နှင့် ကျန်းမာရေးစောင့်ရှောက်မှုကဲ့သို့သော အခြားလုပ်ငန်းများနှင့် ပေါင်းစပ်ဆောင်ရွက်ခြင်း)။

### အပြည်ပြည်ဆိုင်ရာ သမဝါယမကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် သမဝါယမကဏ္ဍ အားကောင်းလာစေရန်နှင့် နိုင်ငံတကာ သမဝါယမအသိုက်အဝန်းကို တည်ဆောက်နိုင်ရန် ပဏာမအဆင့်အနေဖြင့် ဘဏ္ဍာရေး၊ ဆင်းရဲနွမ်းပါးမှု

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

လျှော့ချရေး၊ နည်းပညာဖလှယ်မှုနှင့် သမဝါယမအသင်းတစ်ခုမှ သမဝါယမအသင်းတစ်ခုသို့(C2C) ကုန်သွယ်မှုတို့ကို အဓိကထား လုပ်ဆောင်လျက်ရှိပါသည်။ ACFSMC သည် National Agricultural Cooperative Federation of Korea နှင့် ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ South African National Apex Cooperative(SANACO)နှင့် ၂၀၁၃ ခုနှစ်တွင်လည်းကောင်း နားလည်မှုစာချွန်လွှာများ(Memorandum of Understanding–MoU)များ ရေးထိုးခဲ့ပြီး သမဝါယမလုပ်ငန်းများအားလုံးအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။ ထို့ပြင် တရုတ်နိုင်ငံသည် ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ သီရိလင်္ကာ၊ ဗီယက်နမ် အပါအဝင် အခြားနိုင်ငံများနှင့်လည်း C2C ကုန်သွယ်မှုဆက်ဆံရေး တည်ဆောက်ထားရှိသည်ကို တွေ့ရပါသည်။

**အောင်မြင်မှုရရှိခဲ့သည့်သမဝါယမလုပ်ငန်းများ**

(က) **ဒါဘိုင်း (Darbie) တောင်ပေါ်ဒေသ ဆင်းရဲမှုလျှော့ချပေးခြင်း**

တရုတ်နိုင်ငံအရှေ့ခြမ်းရှိ အန်ဟွေး (Anhui)၊ ဟူဘေး(Hubei)နှင့် ဟီနမ်(Henam)ပြည်နယ်တို့၏ နယ်စပ်တွင်ရှိသည့် ဒါဘိုင်း(Darbie)တောင်ပေါ်ဒေသသည် ဝေးလံခေါင်းပါး သွားလာရခက်ခဲသော ဆင်းရဲနွမ်းပါးဒေသဖြစ်ရာ ကျေးရွာများတွင် လက်ဖက်စိုက်ပျိုးခြင်း၊ သစ်သီးဝလံနှင့် ဆေးဖက်ဝင်အပင်များ စိုက်ပျိုးထုတ်လုပ်ခြင်းကဲ့သို့သော မိရိုးဖလာ လုပ်ငန်းများကို အခြေခံ၍ သမဝါယမအသင်းများ ဖွဲ့စည်းစေပြီး ပံ့ပိုးဆောင်ရွက်ပေးခြင်းဖြင့် ဆင်းရဲမှုမှ လွတ်မြောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

(ခ) **ခေတ်မီလယ်ယာသုံး စက်ပစ္စည်းဝန်ဆောင်မှု သမဝါယမအသင်း**

ဟေလောင်ကျင်း (Heilongjiang) စီရင်စုရှိ ရန်ဖာခေတ်မီလယ်ယာ စက်ပစ္စည်းဝန်ဆောင်မှု သမဝါယမအသင်းသည် လုပ်ကွက်ငယ်တောင်သူလယ်သမားများအတွက် လယ်ယာသုံးစက်ပစ္စည်းဝန်ဆောင်မှုများပေးရန် စတင်တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်တောင်သူလယ်သမားများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေများကို အသင်းသို့ လွှဲပြောင်းပေးပါက အကျိုးအမြတ်အနေဖြင့် အစုရှယ်ယာများရရှိမည်ဟု သတ်မှတ်ခဲ့ကြပါသည်။ မြေတန်ဖိုးကို ဈေးကွက်၏ တန်ဖိုးထက် ၅၀ ရာခိုင်နှုန်းမြင့်၍ ခန့်မှန်းတန်ဖိုးသတ်မှတ်ပေးခဲ့ပြီး လုပ်ငန်းအမြတ်အစွန်းကို နှစ်ကုန်တွင် ပစ္စည်းအစုရှယ်ယာနှင့် ငွေသားရှယ်ယာပုံစံနှစ်မျိုးဖြင့် ခွဲဝေပေးခဲ့ပါသည်။ ထို့အပြင် တောင်သူလယ်သမားများအနေဖြင့် မြေယာလွှဲပြောင်းပေးခြင်းဖြင့် နှစ်စဉ် ၃၅၀RMB/mu အာမခံထားသော အမြတ်ဝေစုကို ရရှိပြီး သမဝါယမအသင်းထံမှ ချေးငွေယူမည်ဆိုပါကလည်း အဆိုပါလွှဲပြောင်းထားသော မြေယာကို အာမခံအဖြစ် အသုံးပြုနိုင်ပါသည်။ အဆိုပါလွှဲပြောင်းမြေယာများကို သမဝါယမအသင်းမှ အတူတကွ စီမံခန့်ခွဲလုပ်ကိုင်သော်လည်း မြေယာအတွက် အစိုးရထံမှရရှိသည့် ထောက်ပံ့ငွေများကိုမူ တောင်သူများမှ တိုက်ရိုက်ခံစားနိုင်ခွင့်ရှိကြပေသည်။

အသင်းဝင်တောင်သူများအတွက် အကျိုးအမြတ် သေချာမှုရှိစေသည့်အပြင် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေများကို အသင်းမှ တာဝန်ယူသည့်အတွက် အသင်းဝင်ဖြစ်ရန် ပိုမိုစိတ်အားထက်သန်လာကြပြီး အဆိုပါနည်းလမ်းကို ကျင့်သုံးသည့် တစ်ပတ်အတွင်းမှာပင် ကျေးရွာရှိ စုစုပေါင်းအိမ်ထောင်စု၏ ၄၀ ရာခိုင်နှုန်း၊ တောင်သူလယ်သမား ၃၀၇ ဦးသည် အသင်းသားအဖြစ် ဝင်ရောက်လာခဲ့ပါသည်။ အကျိုးရလဒ်အနေဖြင့် စိုက်ပျိုးထွန်ယက်မြေဧရိယာ ၁၀၀၀ ဟက်တာအထိ တိုးပွားလာနိုင်ခဲ့ပြီး အကြီးစားလယ်ယာသုံးစက်ပစ္စည်းများကိုလည်း လက်တွေ့ပိုမိုအသုံးပြုနိုင်ခဲ့ကာ ကုန်ကျစရိတ်အမျိုးမျိုးကို

❍ **အောင်မြင်ရသည့် အကြောင်းရင်းများကို လေ့လာကြည့်ရာတွင် အသင်းအဖွဲ့များ၏ စုပေါင်းအင်အားကြီးမားသည့်အတွက် လုပ်နိုင်သည့် လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ချောထုတ်လုပ်မှုအထိ Industrialize ဆောင်ရွက်နိုင်ခြင်း၊ အသင်းအဖွဲ့ဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းကြီးများကဲ့သို့ စီးပွားဖြစ်လုပ်ဆောင်နိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှုကို E-Commerce စနစ်ဖြင့် ဆောင်ရွက်နိုင်သည့်အတွက် ထိရောက်မြန်ဆန်စွာ ရောင်းချနိုင်ခြင်း၊ လုပ်နိုင်စွမ်းရှိသူများက ဦးစီးရှေ့ဆောင် ဆောင်ရွက်သည့်အတွက် အလုပ်တွင်ပြီး အကျိုးဖြစ်ထွန်းမှုရှိခြင်း၊ ဥပဒေနှင့် မူဝါဒများ ခိုင်မာစွာချမှတ်ထားရှိပြီး လိုလားချက်နှင့် လိုက်လျောညီထွေရှိခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း တွေ့မြင်ရ**

လည်း လျှော့ချနိုင်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**အမြတ်အစွန်းပိုမိုရရှိစေရန် တိုးချဲ့ဆောင်ရွက်ခြင်း**

ထို့နောက် သမဝါယမအသင်းသည် အာလူးစိုက်ပျိုးထုတ်လုပ်ရန်အတွက် လိုအပ်သော မျိုးစေ့နှင့် ထုတ်လုပ်မှုနည်းပညာကို ပံ့ပိုးပေးမည့် ဩစတြေးလျနိုင်ငံအခြေစိုက် Mc Cain Harbin ကုမ္ပဏီနှင့် ၂၀၁၁ ခုနှစ်တွင် စာချုပ်ချုပ်ဆို ဆောင်ရွက်နိုင်ခဲ့သဖြင့် စုစုပေါင်းစိုက်ပျိုးမြေ၏ ၁၃ ဒသမ ၃ ရာခိုင်နှုန်းသာ အာလူးစိုက်ပျိုးခဲ့သော်လည်း အသင်း၏ လုပ်ငန်းအားလုံးမှရရှိသော စုစုပေါင်းအမြတ်၏ ၃၄ ဒသမ ၄ ရာခိုင်နှုန်းအထိ အမြတ်ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အမြတ်အစွန်း ပိုမိုရရှိလာသည်နှင့်အမျှ သီးနှံအထွက်တိုးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်နိုင်ခဲ့ရာ ထုတ်လုပ်မှုကွင်းဆက်လုပ်ငန်းစဉ်အဖြစ် ကုန်ချောထုတ်လုပ်ခြင်းကိုပါ ဆက်လက်လုပ်ဆောင်နိုင်ခဲ့ကြပါသည်။

(ဂ) **နို့စားနွားမွေးမြူရေး သမဝါယမအသင်းချုပ်**

နို့စားနွားမွေးမြူရေး သမဝါယမအသင်းချုပ်ကို ၂၀၀၆ ခုနှစ်တွင် ပေကျင်းမြို့၌ တည်ထောင်ခဲ့ပြီး လီဂျီကျောင်း(Ligezhuang) နို့စားနွားမွေးမြူရေး သမဝါယမအသင်းကို Miyun စီရင်စုအတွင်း နို့စားနွားမွေးမြူသည့် သမဝါယမအသင်းများ၊ နို့စားနွားမွေးမြူရေးခြံလုပ်ငန်း ဆောင်ရွက်သည့် တောင်သူများနှင့် စတင်ဖွဲ့စည်းခဲ့ပါသည်။ Ligezhuang သမဝါယမအသင်းမှ ထုတ်လုပ်ရရှိသည့် နွားနို့ထွက်ရှိနှုန်းသည် စီရင်စုတစ်ခုလုံးရှိ ထုတ်လုပ်မှုအားလုံး၏ ၇၀ ရာခိုင်နှုန်းကျော် ရှိပါသည်။ ဈေးကွက်ချဲ့ထွင်နိုင်ရန် ၂၅ တန်ဆံ့ကုန်တင်ကားလေးစီးဝယ်ယူခဲ့ကာ အခြားမြို့များသို့ တိုးချဲ့ဖြန့်ဖြူးရောင်းချပေးနိုင်ခဲ့သည့်အပြင် ဟီဘေး (Hebei)ပြည်နယ်ရှိ ဆန်းယွန်း(Sanyuan) နို့ထွက်ပစ္စည်းစက်ရုံအနီးတစ်ဝိုက်အထိ ပို့ဆောင်၍ ဈေးကွက်ကို ထိုးဖောက်နိုင်ခဲ့သဖြင့် ယခင်က လျှော့ဈေးဖြင့် ဈေးနှိမ်ခံ၍ နို့ထွက်ပစ္စည်းစက်ရုံသို့ နွားနို့များ ရောင်းချခဲ့ကြရသည့် နို့စားနွားမွေးမြူရေးသမားများ၏အခြေအနေကို လုံးဝပြောင်းလဲပေးနိုင်ခဲ့ပါသည်။

(ဃ) **ဈေးကွက်ရှာဖွေရေးသမဝါယမအသင်း**

ဂျင်ဆု (Jiangsu) ပြည်နယ်ရှိ ဆူးဟီရန်ကျိုး (Suhe Yangzhou) ဈေးကွက်ရှာဖွေရေး သမဝါယမအသင်းကို ရင်းနှီးမြှုပ်နှံငွေ ယွမ် ၂၇ ဒသမ ၁၈၈ သန်းဖြင့် ၂၀၀၉ ခုနှစ် ဩဂုတ်လ ၁၈ ရက်တွင် စတင်ထူထောင်ခဲ့ရာ ထိုရင်းနှီးမြှုပ်နှံငွေများအနက် ယွမ် ခြောက်သိန်းသည် အဖွဲ့ဝင်များ၏ ငွေသား ထည့်ဝင်ခြင်းဖြစ်ပြီး ကျန်ငွေများမှာ သမဝါယမအသင်း ၂၂ ဖွဲ့၏ ရင်းနှီးမြှုပ်နှံငွေ ဖြစ်ပါသည်။ သမဝါယမအသင်းသည် ကြာမြစ်၊ ကြက်ဥနှင့် ပျားရည်စသည့် ထုတ်ကုန် ၁၇ မျိုး ထုတ်လုပ်ပြီး ၎င်းထုတ်ကုန်များကို ရန်ကျိုး(Yangzhou)မြို့ရှိ အရောင်းဆိုင်ခြောက်ဆိုင်သို့ တိုက်ရိုက်ပေးပို့ရောင်းချ၍ စိုက်ပျိုးရေးထွက်ကုန်များအတွက် အရောင်းဈေးကွက်ကို ဖြည်းဖြည်းချင်း တည်ထောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါသည်။

**ဘာကြောင့်အောင်မြင်သလဲ၊ ဘာတွေပြုပြင်ရမလဲ**

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ဆင်းရဲမှုလျှော့ချရေးတွင် သမဝါယမကဏ္ဍသည် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်သည်ကို တွေ့ရှိရပြီး အတိုင်းအတာတစ်ခုအထိ အောင်မြင်သည်ကို တွေ့ရှိရပေသည်။



လီဂျီကျောင်း နို့စားနွားမွေးမြူရေးခြံ။ (Photo: Wei Rong)

အောင်မြင်ရသည့် အကြောင်းရင်းများကို လေ့လာကြည့်ရာတွင် အသင်းအဖွဲ့များ၏ စုပေါင်းအင်အားကြီးမားသည့်အတွက် လုပ်နိုင်သည့် လုပ်ငန်းပမာဏကြီးမားခြင်း၊ ကုန်ချောထုတ်လုပ်မှုအထိ Industrialize ဆောင်ရွက်နိုင်ခြင်း၊ အသင်းအဖွဲ့ဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းကြီးများကဲ့သို့ စီးပွားဖြစ်လုပ်ဆောင်နိုင်ခြင်း၊ ရောင်းဝယ်ဖောက်ကားမှုကို E–Commerce စနစ်ဖြင့် ဆောင်ရွက်နိုင်သည့်အတွက် ထိရောက်မြန်ဆန်စွာ ရောင်းချနိုင်ခြင်း၊ လုပ်နိုင်စွမ်းရှိသူများက ဦးစီးရှေ့ဆောင် ဆောင်ရွက်သည့်အတွက် အလုပ်တွင်ပြီး အကျိုးဖြစ်ထွန်းမှုရှိခြင်း၊ ဥပဒေနှင့် မူဝါဒများ ခိုင်မာစွာ ချမှတ်ထားရှိပြီး လိုလားချက်နှင့် လိုက်လျောညီထွေရှိခြင်း စသည်တို့ကြောင့်ဖြစ်ကြောင်း တွေ့မြင်ရပါသည်။

ဤသို့ အောင်မြင်မှုများ အားရဖွယ် တွေ့မြင်ရသကဲ့သို့ တစ်ဖက်တွင်လည်း အခက်အခဲအတားအဆီးနှင့် စိန်ခေါ်မှုများရှိနေသည်ကို တွေ့မြင်ရပါသည်။ လုပ်ငန်းတူအဖွဲ့အချင်းချင်းပေါင်းစည်းလုပ်ကိုင်ခြင်း (သို့မဟုတ်) ထုတ်လုပ်ဖြန့်ချိရောင်းချသည့် အဆင့်တွင် ပါဝင်သည့်အခြားအဖွဲ့များနှင့် အထက်အောက် ပေါင်းစည်းလုပ်ကိုင်ခြင်းသည် ဈေးကွက်တွန်းအားကြောင့် ပုံမှန်ဖြစ်ရိုးဖြစ်စဉ် ဖြစ်လာခဲ့ရာ တောင်သူသမဝါယမအသင်းများအနေဖြင့် အဓိက စိန်ခေါ်မှု(၃)ရပ် ရင်ဆိုင်ခဲ့သည်ကို တွေ့ရပါသည်–

(က) တောင်သူသမဝါယမအသင်းများ၏ စီမံခန့်ခွဲမှုစွမ်းရည်ကိုမြှင့်တင်ရန် လိုအပ်ခြင်း၊

(ခ) တောင်သူသမဝါယမ အသင်းများတွင် ကျွမ်းကျင်ဝန်ထမ်းမရှိခြင်း၊ လိုအပ်ခြင်း၊

(ဂ) မူဝါဒများ၊ သက်ဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများသည် တောင်သူသမဝါယမအသင်းများ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းမပေးနိုင်ခြင်း။

ထိုစိန်ခေါ်မှု (၃) ရပ်သည် တရုတ်နိုင်ငံအတွက်သာမက မြန်မာနိုင်ငံရှိ စိုက်ပျိုးမွေးမြူထုတ်လုပ်သူတောင်သူ သမဝါယမအသင်းများအတွက်လည်း ရင်ဆိုင်နေရသည့် စိန်ခေါ်မှုများပင် ဖြစ်ပါသည်။ သမဝါယမစနစ်သည် စုပေါင်းလုပ်ဆောင်ရခြင်းဖြစ်၍ သွင်းအားစုများ ပံ့ပိုးခြင်း၊ ဈေးကွက်ရှာဖွေခြင်း၊ ကုန်စည်ပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းတို့ကို အစုအဖွဲ့အင်အားဖြင့် အချိန်တိုအတွင်း မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်သည့် အားသာချက်များရှိပါသည်။ သို့ရာတွင် ထိုသို့လုပ်ဆောင်နိုင်ရန် စီမံခန့်ခွဲမှုအားကောင်းသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်သကဲ့သို့ အသင်းဝင်အဖြစ် ပါဝင်လိုသူများတွင် အသင်းအဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်လိုသည့် အသင်းအဖွဲ့စိတ်ဓာတ်ရှိရန် လိုအပ်ပါသည်။ အသင်းအဖွဲ့ကို ဦးစီးရှေ့ဆောင် ဆောင်ရွက်သူများသည်လည်း ဈေးကွက်စီးပွားရေးအသိအမြင် ကြွယ်ဝရန်လိုအပ်သည့်အတွက် သက်ဆိုင်ရာကဏ္ဍအလိုက် သမဝါယမအသင်းများတွင် စီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ပူးပေါင်းပါဝင်ပံ့ပိုးမှုရှိရန် အထူးလိုအပ်လှပါသည်။ သို့မှသာ တန်ဖိုးကွင်းဆက်များတစ်ခုနှင့်တစ်ခုချိတ်ဆက်၍ လုပ်ငန်းနယ်ပယ်များ တိုးချဲ့လာနိုင်ပြီး အောင်မြင်သောသမဝါယမအသင်း အစုအဖွဲ့များ ပေါ်ပေါက်လာမည်ဖြစ်ပါသည်။

ထိုသို့ အောင်မြင်သည့် သမဝါယမအသင်းများ ပေါ်ပေါက်လာစေရေးတွင် ခေတ်ကာလနှင့် လိုက်လျောညီထွေရှိစွာ ထိန်းကျောင်းပဲ့ကိုင်နိုင်မည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့် မူဝါဒများ ခိုင်ခိုင်မာမာ ချမှတ်ထားရှိမှုသည်လည်း အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိ သမဝါယမအသင်းဥပဒေ(၁၉၉၂)နှင့် နည်းဥပဒေ(၂၀၁၃)တို့သည် အချိန်ကာလတစ်ခုကြာမြင့်ခဲ့ပြီဖြစ်၍ ၎င်းတို့၏ အားသာချက်၊ အားနည်းချက်များကို ပကတိပြန်လည်သုံးသပ်ပြီး မြေပြင်လိုအပ်ချက်နှင့် လိုက်လျောညီထွေမှုရှိအောင် ပြင်ဆင်ရေးဆွဲသွားရန် လိုအပ်ပါကြောင်း အကြံပြုတင်ပြလိုက်ရပါသည်။ ။

**ကိုးကားစာရင်း**


- https://icaap.coop/ICANew/President/assets/BGI%25204%2520China%2520country%2520snapshot.pdf (BGI 4 China country snapshot.pdf)
- China: Rapid Development of Farmer Cooperatives written by Pro. Ren Dapeng and Wei Rong

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၅ အာရှဖလား ယူ-၁၇ နှင့် ယူ-၂၀ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲ ယနေ့ပြုလုပ်မည်ဖြစ်ပြီး မြန်မာအသင်းများ ဝင်ရောက်ယှဉ်ပြိုင်မည်

ရန်ကုန် ဇွန် ၁၂

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ဇွန် ၁၃ ရက် **(ယနေ့)** တွင် မလေးရှားနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲများကို မြန်မာနိုင်ငံက ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။

၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲတွင် အသင်း ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ ယင်းခြေစစ်ပွဲကို အောက်တိုဘာ ၁၉ ရက်မှ ၂၇ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲဝင် အုပ်စု ၁၀ ခုမှ ထိပ်ဆုံးရပ်တည်မှုရ အသင်း ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရအသင်း ငါးသင်းတို့မှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ၂၀၂၅ အာရှဖလား ယူ-၁၇ ခြေစစ်ပွဲများကို ယခုနှစ် အောက်တိုဘာတွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၅ အာရှဖလား ယူ-၂၀ ခြေစစ်ပွဲကို စက်တင်ဘာ ၂၁ ရက်မှ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု ၁၀ ခုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ ခြေစစ်ပွဲဝင် အုပ်စု ၁၀ ခုမှ ထိပ်ဆုံးရပ်တည်မှုရ အသင်း ၁၀ သင်းနှင့် အကောင်းဆုံးအုပ်စု ဒုတိယရအသင်း ငါးသင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။ ရဲရင့်လွင်

## ကသာမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်

ကသာ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကို ကသာမြို့ အထက(၁) ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပရာ ကသာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်က အမှာစကားပြောကြားသည်။

ထို့နောက် စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်များလှူဒါန်းခြင်း၊ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ကျောင်းသားကျောင်းသူများက လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ဆွေးနွေးခြင်းနှင့် မေးခွန်းများမေးမြန်းခြင်း၊ ဆွေးနွေးပေးကြသော ကျောင်းသား ကျောင်းသူများကို လက်ဆောင်ပစ္စည်းများချီးမြှင့်ပြီး မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သည်။ လူအောင် (ကသာ)



- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

## ထားဝယ်မြို့၌ ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

ထားဝယ် ဇွန် ၁၂

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန တိုင်းဒေသကြီးစစ်ဆေးရေးမှူး ဒေါ်သန်းသန်းအေးက ကလေးအလုပ်သမားအဓိပ္ပာယ်၊ အဆိုးရွားဆုံးပုံစံဖြင့် အလုပ်ခိုင်းစေခြင်းအဓိပ္ပာယ်၊ ကလေးအလုပ်သမားဖြစ်ပေါ်စေသည့် အကြောင်းတရားများ၊ မူဝါဒနှင့် ဥပဒေအကြောင်းအရာ၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှု စသည့်တို့ကို အသိပညာပေးပြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းများသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ပြီး နိုင်ငံတော်၏ အနာဂတ်ပုံရိပ်ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရခြင်းဖြစ်သဖြင့် ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးအတွက် အဖွဲ့အစည်းများအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲသို့ စက်ရုံ၊ အလုပ်ရုံ၊ ဆိုင်နှင့်အလုပ်ဌာနများမှ တာဝန်ခံများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြောင်း သိရသည်။

တိုင်းဒေသကြီး (ပြန်/ဆက်)



## ဥတုရာသီ၊ တောကိုမှီ၏

### ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၂ - ၆ - ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၅ ကျပ် | ၂၃၇၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၅၀ ကျပ် | ၂၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၄၉၅ ကျပ် | ၂၅၆၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၆၁၅ ကျပ် | ၂၆၈၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၂၀၀ | ၉၂၀၀ | ၂၆၄ | ၂၄၀၉၃၀၀ |
| MTSH | ၃၁၅၀ | ၃၂၀၀ | ၁၂၂၀ | ၃၉၀၃၆၅၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၉၅ | ၇၉၈၀၀၀ |
| FPB | ၁၇၅၀ | ၁၇၅၀ | ၂၈၇၂ | ၄၈၈၄၈၀၀ |
| TMH | ၂၈၀၀ | ၂၈၅၀ | ၁၇၀ | ၈၄၁၄၀၀ |
| EFR | ၁၈၀၀ | ၁၈၅၀ | ၇၆၀ | ၁၃၈၀၉၀၀ |
| AHPC | ၄၈၀၀ | ၄၉၀၀ | ၂၄၅ | ၁၁၇၆၅၀၀ |
| MAEPC | ၃၃၅၀ | ၃၃၀၀ | ၁၁၆၅ | ၃၈၆၅၂၅၀ |

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန
## အားကစားနှင့်ကာယပညာဦးစီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/လစာနှုန်းကျပ် | ခန့်ထားမည့် အရေအတွက် | အနိမ့်ဆုံးပညာအရည်အချင်းသတ်မှတ်ချက် |
|---|---|---|---|
| (က) | နည်းပြ(နည်းစနစ်) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃၈ နေရာ | သိပ္ပံဘွဲ့ (အားကစားပညာ) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ၊ ပြည်နယ်/ တိုင်းဒေသကြီး လက်ရွေးစင်အဖြစ် (၂)ကြိမ်နှင့် အထက်ကစားဖူးပြီး ဆုတံဆိပ်ရရှိသူဖြစ်ရမည်။ မြန်မာ့လက်ရွေးစင်ဖြစ်ပါက ပညာအရည်အချင်း လျှော့ပေါ့စဉ်းစားမည်။ အမိကအားကစားကျွမ်းကျင်မှုနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေးခံရမည်။ |
| (ခ) | စာရင်းကိုင်(၂) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၅ နေရာ | CPA/B.Com/ B.Econ/ B.Act/ BBA/ B.BSc (Accounting and Finance) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ DA အောင်မြင်ရမည်။ |
| (ဂ) | ဒု-ဦးစီးမှူး (သုတေသန) ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀ | ၃ နေရာ | M.Sc ဘွဲ့ရရှိရမည်။ |
| (ဃ) | ဒု-လ/ထကွန်ပျူတာစီစဉ်ရေးမှူး ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၃ နေရာ | တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး၊ ကွန်ပျူတာ စာစီ/စာရိုက်ကျွမ်းကျင်၍ သင်တန်းဆင်းလက်မှတ်ရှိရမည်။ |
| (င) | ဒု-လ/ထဦးစီးမှူး (သုတေသန) ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀ | ၄ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး သုတေသနလုပ်ငန်း စိတ်ပါဝင်စားသူဖြစ်ရမည်။ |

၂။ (က) လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ပြီး လျှောက်လွှာပိတ်သည့်နေ့တွင် အသက် ၃၀ နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက် ၃၅ နှစ်ထက်မကျော်လွန်သူ ဖြစ်ရမည်။

(ခ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(ဂ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်(Dismissal) ခြင်း၊ ရာထူးမှထုတ်ပယ် (Removal) ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ စာမေးပွဲဝင်ကြေးငွေကျပ် ၂၀၀၀/- (ကျပ်နှစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ် (MD-010442) သို့ ပေးသွင်းကြရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများပါရှိရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ

(ခ) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(ဂ) အားကစားအရည်အချင်းအတွက် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်၏ ထောက်ခံချက်မိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(ဃ) တာဝန်ကျရာ မည်သည့်ဒေသမဆို သွားရောက်နိုင်ကြောင်း ကတိပြုလွှာ

(င) ပြင်ပပုဂ္ဂိုလ်များအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ (စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)

(စ) အစိုးရဌာနတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ရာထူး၊ လစာနှုန်း၊ ဌာန၊ အဖွဲ့အစည်းအမည်နှင့် ဝန်ကြီးဌာနအဖွဲ့အစည်း၏ ခွင့်ပြုမိန့်မူရင်း

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ ၁ လအတွင်း ရိုက်ကူးထားသော ကာလာဓာတ်ပုံ ၃ ပုံ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားဖော်ပြရမည်။)

(ဇ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာဆရာဝန်၏ ဆေးထောက်ခံစာမူရင်း

(ဈ) ပြင်ပပုဂ္ဂိုလ်များနှင့် အစိုးရဌာနဆိုင်ရာများတွင် ချိန်နှုန်းလစာမရရှိသေးသူ (နေ့စားဝန်ထမ်း)များသည် သက်ဆိုင်ရာပြည်သူ့ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ ၆ လအတွင်း အကျင့်စာရိတ္တကောင်းမွန်ချက် မူရင်းပါရှိရမည်။

(ည) ဆက်သွယ်ရန်လိပ်စာအပြည့်အစုံနှင့် ဖုန်းနံပါတ်

(ဋ) ဝင်ကြေးငွေပေးသွင်းပြီးကြောင်းချလန်မူရင်း

(ဌ) ပြည့်စုံစွာဖြည့်စွက်ထားသော ကိုယ်ရေးမှတ်တမ်း

၅။ ပြင်ပပုဂ္ဂိုလ်များနှင့် ချိန်နှုန်းလစာမရရှိသော ဌာနဆိုင်ရာများတွင်လုပ်ကိုင်နေသူများသည် ၈-၇-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရုံးအမှတ်(၃၁)သို့ လျှောက်ထားရမည်။

၆။ အစိုးရဌာနတစ်ခုခုတွင် ချိန်နှုန်းလစာနှင့်တာဝန်ထမ်းဆောင်သူများသည် သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တစ်ဆင့် လျှောက်ထားကြရမည်။ လျှောက်လွှာမိတ္တူ ၁ စောင်ကို ညွှန်ကြားရေးမှူးချုပ် အားကစားနှင့်ကာယပညာဦးစီးဌာန၊ နေပြည်တော်သို့ လိပ်မူ၍ ၃-၇-၂၀၂၄ ရက်နေ့မတိုင်မီ ကြိုတင်ပေးပို့ရမည်။

၇။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနရုံးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ Website ဖြစ်သော www.mosya.gov.mm နှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Ministry of Sports & Youth Affairs Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၈။ လျှောက်ထားသူသည် အားကစားဆိုင်ရာ၊ အင်္ဂလိပ်စာနှင့်အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး နည်းပြ(နည်းစနစ်) ရာထူးအတွက် ရေးဖြေအောင်မြင်သူများကိုသာ အမိကအားကစားနှင့် ကြံ့ခိုင်စွမ်းရည်စစ်ဆေး၍ လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်သည်။ ကျန်ရာထူးများအတွက် ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့ စာမေးပွဲဖြေဆိုခွင့်ပြုမည်ဖြစ်ပါသည်။

၉။ သတ်မှတ်စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိသော၊ မပြည့်စုံသော၊ သတ်မှတ်ရက်ထက် ကျော်လွန်ပြီးမှရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၀။ အသေးစိတ်သိရှိလိုပါက အားကစားနှင့်ကာယပညာဦးစီးဌာန၊ စီမံ/ဘဏ္ဍာဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၃၄၀၆၀၂၁၊ ၀၆၇-၃၄၀၆၂၀၃ သို့ဖြစ်စေ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အားကစားနှင့်ကာယပညာဦးစီးဌာန**

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၀ / ၂၀၂၄-၂၀၂၅)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော် / ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများအား မြန်မာကျပ်ငွေ/ နိုင်ငံခြားငွေ ဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L-032(24-25)CAP (Retender) | 1.5 MW Gas Engine Driven Generating Set (Container Type ) Attached with switch Gear Panel (1) Set | Ks |
| (၂) | DMP/L-091(24-25) (Retender) | Barytes (Local) (3000) Tons | Ks |
| (၃) | DMP/L-121(24-25) (Retender) | Accessories for Gas Control and Metering System (3) Groups | Ks |
| (၄) | DMP/L-180(24-25) | Welding Cable and Ground Cable for Welding Set (2) Items | Ks |
| (၅) | IFB-001(24-25) (Retender) | Cement Additives (6) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို **၁၂-၆-၂၀၂၄ ရက်**နေ့မှစ၍ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံ နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ (ဘဏ္ဍာရေးဌာန) နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဆိုဒ် **(energy.gov.mm)** တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို **၂၆-၆-၂၀၂၄ ရက်နေ့ (၁၃:၀၀)နာရီ**တွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊**
**ဖုန်း၊ ၀၆၇-၄၁၁၂၀၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၅)၊ ပြည်ထောင်စုလမ်း၊ မြေကွက်အမှတ် (၁၀၉၉)၊ အကျယ်အဝန်း (၄၁ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် (၄၈၈၄/၂၀၂၄)အရ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်နှင်းဖြူဖြူ (၁၂/စခန (နိုင်) ၀၀၀၂၉၀) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## စာပေမြင့်မှ လူမျိုးတင့်မည်

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ပြည်ထောင်စုဝန်ကြီးရုံး
## အိတ်ဖွင့်စုပေါင်းတင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်း အသီးသီးအတွက် အောက်ဖော်ပြပါ ရုံးသုံးစက်ကိရိယာနှင့် ရုံးသုံးအခြား ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | အကြောင်းအရာ |
|---|---|---|
| က | 1(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် Networking System and IT Equipment ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတွင် အသုံးပြုရန် MOEP Data Center Protection and Management System ဆောင်ရွက်ခြင်းလုပ်ငန်း။ |
| ဂ | 3(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Desktop Computer နှင့် Laptop Computer များ ဝယ်ယူရန်။ |
| ဃ | 4(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Copier များ ဝယ်ယူရန်။ |
| င | 5(T)/MOEP/24-25 | လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ကြီးကြပ်မှု အောက်ရှိ ဌာနအသီးသီးတွင် အသုံးပြုရန် Printer ၊ Projector with Screen ၊ Scanner နှင့် ငွေရေစက်များ ဝယ်ယူရန်။ |

၂။ အဆိုပါတင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေး ဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၅-၆-၂၀၂၄) ရက် (၁၀:၀၀) နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၃၄၁၀၂၀၉ ၊ ၀၆၇-၃၄၁၀၂၈၂**

# ပဲခူးမြို့တွင် ရွေ့လျားစာကြည့်တိုက်သုံးဘီးယာဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု နယ်လှည့်ကွင်းဆင်းဆောင်ရွက်

**ပဲခူး ဇွန် ၁၂**



ပဲခူးမြို့ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) ဟသ်ာကုန်းကျောင်းတွင် ယနေ့နံနက်ပိုင်းက စာဖတ်ရှိန်မြှင့်တင်လှုပ်ရှားမှု အသိပညာပေးဟောပြောခြင်း၊ ပုံပြင်ပြောခြင်း၊ စက္ကူပြဇာတ်ပြသခြင်း၊ စာအုပ်/စာစောင် ဖတ်ရှုစေခြင်း၊ နံရံကပ်စာစောင်ပြပွဲ ပြသခြင်းများကို နယ်လှည့်ကွင်းဆင်းဆောင်ရွက်သည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်က ကျောင်းသား ကျောင်းသူများအား စာဖတ်ခြင်းအကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောကာ ရုပ်သံကျွမ်းကျင်-၃ ဒေါ်တင်မေအောင်က ပုံပြင်များပြောပြ၍ စက္ကူပြဇာတ်ပြသခြင်းများ ဆောင်ရွက်ပြီး ရွေ့လျားစာကြည့်တိုက်သုံးဘီးမော်တော်ယာဉ်တွင်ပါရှိသည့် ကလေးစာအုပ်/စာစောင်၊ ပုံပြင်၊ ကာတွန်းများကို ဖတ်ရှုလေ့လာကြသည်။

အလားတူ ရွေ့လျားစာကြည့်တိုက် သုံးဘီးမော်တော်ယာဉ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေး နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခြင်း လုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်တွင် သက်ဆိုင်ရာ ပညာရေးမှူးရုံးများနှင့် ပူးပေါင်းကာ အခြေခံပညာကျောင်းများသို့ လစဉ်စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုတွတ်(ပြန်/ဆက်)**

# အူရီဒူးမြန်မာမှ "Gameverse - Mission 2024" ဗိုလ်လုပွဲပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဇွန် ၁၂**

အူရီဒူးမြန်မာမှ ကျင်းပသည့် Gameverse – Mission 2024 ၏ ဗိုလ်လုပွဲပြိုင်ပွဲစဉ်ကြီးကို ဇွန် ၁၅ ရက်၊ ၁၆ ရက်တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသည် အွန်လိုင်းပြိုင်ပွဲများတွင် အသီးသီးအနိုင်ရရှိခဲ့ကြသော ထိပ်တန်းအသင်းများဖြစ်ကြသည့် အမျိုးသားအဖွဲ့များ – Burmese Ghouls, AI eSports and Falcon eSports, နှင့် အမျိုးသမီးအဖွဲ့များ – Falcon Daisies, Net Angels, Blade Angels တို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မည်သူမဆို ဝင်ကြေးအခမဲ့ဖြင့် လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ယင်းဂိမ်းပြိုင်ပွဲကြီးတွင် အမြင့်ဆုံးဆုကြေးငွေ စုစုပေါင်းငွေကျပ် သိန်း ၇၀၀ ချီးမြှင့်သွားမည်ဖြစ်ပြီး စိတ်လှုပ်ရှားဖွယ် အစီအစဉ်ပေါင်းများစွာ ပါဝင်မည် ဖြစ်သည်။ ထို့ပြင် မိမိကြိုက်နှစ်သက်သည့် eSports Merchandise များကို ဝယ်ယူနိုင်ခြင်း၊ မိမိနှစ်သက်သည့် အသင်းများကို အားပေးရန် လိုအပ်သည့် အသင်းအင်္ကျီ၊ ပိုစတာ၊ အသင်းအလံ၊ ခေါင်းပတ်၊ လက်ပတ်နှင့် အခြား Merchandise ပစ္စည်းများ ဝယ်ယူနိုင်ကြောင်း သိရသည်။

**အာကာစိုး**

## သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး

## ဖခင်အမည်မှန်

ပခုက္ကူမြို့ အလက (၃) Grade-9 မှ မောင်သူရိန်စိုး နှင့် Grade-4 မှ မမေမြတ်မွန် တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၈/ပခက(နိုင်)၁၅၃၄၄၉ ဖြစ်ပါကြောင်း။

# Cover City(ကာဘာမြို့တော်)အမည်၊ အမှတ်တံဆိပ်ဖြင့် ဖုန်းကာဘာနှင့်ဖုန်းအပိုပစ္စည်းဆိုင်ကို ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လုပ်ကိုင်ဆောင်ရွက်သူများအား သတိပေးတားမြစ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၁)ရပ်ကွက်၊ (၂၆)လမ်း၊ အမှတ်(၅၁)တွင် နေထိုင်သူ ကျွန်ုပ်၏ မိတ်ဆွေ ဦးညီညီ(ဘ)ဦးကာစင် ၁၂/ပဘတ(ပြု) ၀၀၆၈၉သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို ရန်ကုန်မြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ် (၂၂၁၆၈/၂၀၁၉)ဖြင့် (၂-၇-၂၀၁၉)ရက်တွင် လည်းကောင်း၊ မူပိုင်ခွင့်ဦးစီးဌာန၌ မှတ်ပုံတင်လျှောက်လွှာအမှတ် (WFT2020014681)ဖြင့် (၁၇-၁၁-၂၀၂၀)ရက်တွင် လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်-

**မှတ်ပုံတင်စာချုပ်အမှတ်-(၂၂၁၆၈/၂၀၁၉)**
**မှတ်ပုံတင်လျှောက်လွှာအမှတ်(WFT2020014681)**

ကျွန်ုပ်မိတ်ဆွေမှ အထက်တွင် ဖော်ပြထားသော Cover City(ကာဘာမြို့တော်)အမည်၊ အမှတ်တံဆိပ်ဖြင့် အရည်အသွေးမြင့် ဖုန်းကာဗာအမျိုးမျိုး၊ ဖုန်းအပိုပစ္စည်းအမျိုးမျိုးတို့ကို အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးတွင် ဖုန်းကာဗာနှင့် ဖုန်းအပိုပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်လုပ်ကိုင် ဆောင်ရွက်လျက်ရှိပြီး၊ဈေးကွက်အတွင်းတွင် သုံးစွဲသူမိဘပြည်သူများမှ တစ်ခဲနက်ဝယ်ယူအားပေးလျက်ရှိသော ကုန်အမှတ်တံဆိပ်ဖြစ်ပါသည်။

ယခုအခါ ဈေးကွက်အတွင်းတွင် ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြစ်သည့် Cover City(ကာဘာမြို့တော်) အမည်ဖြင့် ဖုန်းကာဗာနှင့် ဖုန်းအပိုပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်လုပ်ကိုင်လျက်ရှိကြောင်း မြင်တွေ့သိရှိရပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ ကိုယ်ပိုင်အဖြစ် အသုံးပြုလျက်ရှိသော အဆိုပါကုန်အမှတ်တံဆိပ်နှင့်အမည်တို့ကို ကျွန်ုပ်မိတ်ဆွေမှ တစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အထက်ပါ ကုန်အမှတ်တံဆိပ်နှင့်အမည်၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ ထပ်တူထပ်မျှဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှားတုပ၍ဆက်လက်အသုံးပြု ဆောင်ရွက်ခြင်းမပြုလုပ်ကြပါရန် သတိပေးတားမြစ်ပါသည်။ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် မရရှိဘဲCover City(ကာဘာမြို့တော်) အမည်ဖြင့် ဖုန်းကာဗာနှင့်ဖုန်းအပိုပစ္စည်း အရောင်းဆိုင်ကို ဆက်လက်လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုလုပ်ရန်နှင့် အခြားအမည်သို့ပြောင်းလဲပြင်ဆင်ပေးပါရန် အထူးသတိပေးအပ်ပါသည်။ အကယ်၍ ဤသတိပေးတားမြစ်ခြင်း ကြေညာပြီးသည့်နောက်ပိုင်းတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားတစ်နည်းနည်းဖြင့်ဖြစ်စေ ကျွန်ုပ်မိတ်ဆွေပိုင် ကုန်အမှတ်တံဆိပ်နှင့်အမည်တို့ကို အသုံးပြု၍ ဦးညီညီ၏ အကျိုးစီးပွားကိုထိခိုက်နစ်နာအောင် ဆက်လက်ပြုမူဆောင်ရွက်နေပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆို၍ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေ၏ နစ်နာဆုံးရှုံးမှုအဝဝအတွက် လျော်ကြေးတောင်းခံမည်ဖြစ်ကြောင်း အများသိစေရန် ထပ်မံအသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နန္ဒာမြင့်သိန်း(စဉ်-၈၀၃၆) ဒေါ်ချောစုမေ(စဉ်-၉၈၁၅) ဒေါ်ဆုမွန်မွန်(စဉ်-၁၁၆၄၇)**

**(တရားလွှတ်တော်ရှေ့နေများ)**

**အိမ်အမှတ်(ဒီ-၄)၊သီရိရိပ်သာ(၂)၊ ၆၅လမ်း၊ ၃၄x၃၅လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊**

**မန္တလေးမြို့၊ဖုန်း-၀၉-၄၅၀၀၄၉၇၀၆၊ ၀၉-၂၀၃၅၈၅၅၊**

**Email:Lawfirmmyanmar@gmial.com**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြတ်ရတနာစီမံကိန်း၊ အောင်ချမ်းသာမြို့ကွက်သစ်၊ မြေကွက်အမှတ်(၂၆၆)နှင့် (၂၆၈) ဟု ခေါ်တွင်သော တစ်ကွက်ချင်း အကျယ်အဝန်း အလျားx အနံ (၄၀ ပေ x ၆၇ ပေ)ရှိ မြေကွက်နှစ်ကွက်နှင့်ယင်းမြေကွက်များ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန် ခံသူ ဒေါ်ဖြိုးဆုဝေ(ဘ)ဦးမြင့်ငွေ ၁၂/သကတ(နိုင်) ၁၆၈၆၃၁ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကချင်ဒရမ်း(ခ)ဦးလှမြင့် ၁၂/ဒပန(နိုင်) ၀၄၁၄၉၉ က ပြန်လည်ဝယ်ယူရန်အတွက် ၎င်းအားစရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးတစ်စုံတစ်ရာ သက်ဆိုင်သူ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည်(LL.B,D.B.L)(စဉ်-၁၄၆၆၈)** **ဒေါ်ခင်သီတာမြင့်အောင်(LL.B)(စဉ်-၅၂၀၆၄)**
**ဒေါ်အိအိမော်(ခ)အိသဉ္ဇာအောင်(LL.B)(စဉ်-၁၈၇၂၆)** **အထက်တန်းရှေ့နေ**
**တရားလွှတ်တော်ရှေ့နေများ**
**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ(၂)ရပ်ကွက်၊သန်လျင်မြို့၊ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/38155, Kenbo -110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဘေဘီကြည်သန်း ၉/လဝန(နိုင်)၁၅၉၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၀ယ/၇၇၁၅၇ ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းမွန် ၁၀/မဒန (နိုင်) ၂၆၂၀၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၅ယ/၃၄၂၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းကြွယ် ၁၀/ပမန(နိုင်) ၀၄၉၃၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဝမ်းတွင်းမြို့နယ်၊ သဲတော (၁) ဝါးတန်းရပ်နေ (ဘ)ဦးသန်းညွှန့်၏(သား) မောင်သိန်းဉာဏ်နှင့် မောင်စိုးနန်း ၉/ဝတန(နိုင်) ၁၂၉၉၄၈ တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မောင်သိန်းဉာဏ်(ခ)**
**မောင်စိုးနန်း**

## မိခင်အမည်မှန်

ပဲခူးမြို့၊ အထကမြို့ အနောက်(ခ) ကျောင်း Grade-12မှ မခွန်းဆင့်ဟန်သွယ်၏ မိခင်အမည်မှန်မှာ ဒေါ်မေဇင်ဖြိုးလှိုင် ၇/ဝမန(နိုင်) ၁၀၁၅၅၅ ဖြစ်ပါကြောင်း။

**ဒေါ်မေဇင်ဖြိုးလှိုင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ဖောင်တော်ဦး (အထက)၊ G-12တန်းတွင် ပညာသင်ကြားခဲ့ပြီး ၂၀၂၄ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် (ဇီဝဘာသာတွဲ) ဖြင့်အောင်မြင်ခဲ့သူ မယွန်းမြတ်နိုး၏ ဖခင်အမည်မှန်မှာ ဦးမြင့်မော် ၁၃/တကန(နိုင်)၁၅၁၁၇၉ ဖြစ်ပါကြောင်း။

**ဦးမြင့်မော်**

## ဖခင်အမည်မှန်

၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ လှိုင်သာယာမြို့နယ်၊ ဦးမင်းမင်းဦး ကိုယ်ပိုင်ကျောင်း Grade-3 မှ မောင်ထက်ညီပိုင်၏ ဖခင် အမည်မှန်မှာ ဦးဝေယံစိုး ၁၄/ရကန(နိုင်)၁၆၆၀၁၇ ဖြစ်ပါကြောင်း။

**ဦးဝေယံစိုး**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကံ့ကော်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၀)၊ မြေကွက်အမှတ် (၉၇၃) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ)ရှိ ပါမစ် မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစာရင်းတွင် ဦးစိုးမြင့် (စီကေ-၀၀၂၂၃၉) အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ယင်းမြေ ကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော ခေါင်းရင်းခြမ်း (ပါမစ်မူရင်း) မြေကွက်အမှတ်(၉၇၄)နှင့်ကပ်လျက်အခြမ်း (၂၀ ပေ x ၆၀ ပေ)အကျယ်ရှိ မြေကွက်အား အရောင်းအဝယ်စာချုပ် အဆက်စပ်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်နီလာစိုး (၁၂/မရက(နိုင်)၁၄၉၇၆၆)မှ တစ်ဦးတည်းသာ လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဟာဟုန်းနိုင်း (၁၂/ရကန(နိုင်) ၀၄၃၈၆၃)မှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်စိုးသီတာအေး -**
**LLB, WIPO (Switzerland) အထက်တန်းရှေ့နေ (စဉ် - ၄၈၁၇၀)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊ (၁၃)ရပ်ကွက်၊**
**ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၄၆၇၇၇၁၆**

## အများသိစေရန် ကြေညာခြင်း

မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်၊ အမှတ်(၁၄/၅၉၇)နေ ဒေါ်ဇာခြည်ငြိမ်း၁/မကန(နိုင်)၂၄၈၆၉၁၊ဒေါ်အေးအေးအောင် ၁/မကန(နိုင်)၂၅၆၇၃၁ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

မိခင်ဖြစ်သူ ဒေါ်တင်တင်ညိုမှာ (၉-၁၂-၂၀၂၂)ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ မိခင်ဖြစ်သူ မကွယ်လွန်မီ (၉-၁၂-၂၀၂၂)ရက်မတိုင်ခင် ရောင်းချခဲ့သည့် ခြံမြေကွက်များနှင့် ပတ်သက်၍ အရှုပ်အရှင်းများအား တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ဇာခြည်ငြိမ်းနှင့် ဒေါ်အေးအေးအောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဖြိုးဖြိုးဝေဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၆)(၂၉-၆-၂၀၁၈)**
**နယ်မြေ(၆)၊လယ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့၊**
**ဖုန်း-၀၉-၇၈၄၁၉၉၁၀၂၊ ၀၉-၄၂၀၁၈၄၃၉၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဟာရ်ကာဗဒူး(ခ)ကိုကိုကြီး (၉/မကန(နိုင်) ၀၅၃၇၉၃)မှ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ အောင်မြေသာစံမြို့နယ်၊ ထန်းတောရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဌာနီ အရှေ့ရပ်တွင်ရှိသော အရှေ့လားသော် (၁၇)လမ်း၊ အနောက်လားသော် သံလမ်း၊ တောင်လားသော် ကိုကျော်စိုးသူ၏ ဝိုင်းမြေ၊ မြောက်လားသော် ဦးညိုဝင်း၏ ဝိုင်းမြေအဆိုပါ နယ်မြေ(၄)ရပ် အတွင်းရှိ အရှေ့အနောက် (၄၉)ပေ၊ တောင်မြောက်(၁၅) ပေရှိ အိမ်ဝိုင်းမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်-၂၂၊ အမရဌာနီရပ်ကွက်နေ ဒေါ်သိန်းသိန်းထိုက်(၉/ခအဇ(နိုင်)၀၂၆၆၅၀)ထံမှ (၁၈-၁၀-၂၀၂၃)ရက်ကတည်းက အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ အပြီးအပိုင်လက်ရောက်ရရှိပြီးဖြစ်၍ ကျွန်ုပ်၏အမှုသည်ဖြစ်သူမှ အထက်ပါဝိုင်းမြေကွက်ပေါ်တွင် ဥပဒေနှင့်အညီ ဂရန်လျှောက်ထားခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းများပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ ဝိုင်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်း တစ်စုံတစ်ရာရှိပါက ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အထက်ဖော်ပြပါ ဝိုင်းမြေကွက်အား ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဝင့်ဝင့်ဝါ** **ဦးစိုးသူဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၁၀၃)** **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၁၈)**
**ရွှေလမ်း၊ ကြက်မင်းတွန်ရပ်၊** **ရွှေလမ်း၊ ကြက်မင်းတွန်ရပ်၊**
**ကျောက်ဆည်မြို့၊** **ကျောက်ဆည်မြို့၊**
**ဖုန်း- ၀၉ - ၄၀၂၅၃၀၁၇၂** **ဖုန်း - ၀၉ - ၇၇၇၇၈၃၄၄၆**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ တိုက်အမှတ် (၂၃/ဘီ)၊ ပထမထပ်တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးကျော်လွင်(ခ)ဦးယုံစွမ် (၁၄/မမန(နိုင်) ၁၃၄၁၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို . စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**ရုံးခန်းအမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(တောင်)ရပ်ကွက်၊ ဝေဠုဝန်လမ်းကျယ်၊ တိုက်အမှတ် (၂၃/ဘီ)၊ မြေညီထပ်တိုက်ခန်းနှင့်ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဦးကျော်လွင်(ခ)ဦးယုံစွမ် (၁၄/မမန(နိုင်) ၁၃၄၁၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက မည်သူမဆို စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာကျော်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၆၀၄)**
**ရုံးခန်းအမှတ်(၁၆၂)၊ ဒုတိယထပ်၊ စံပြ(၄)လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၅၀၀၅၄၅၉၁**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် (၂၉)၊ ပြည်ထောင်စုလမ်း၊ အမှတ်(၄၂၂)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ခန်းတွဲ(၆)ထပ်တိုက် အဆောက်အအုံ (၃)လွှာ၊ ဒုတိယထပ်(ခေါင်းရင်းခြမ်း) (၁၉ပေ x ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့်၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည့် ဒေါ်နီလာထွန်း (၁၂/သဃက(နိုင်) ၀၀၀၁၄၃)ထံမှ ၎င်းတိုက်ခန်းကို ကျွန်မ ဒေါ်ငြိမ်းချမ်းသစ္စာ (၈/မကန(နိုင်) ၂၅၇၉၈၂) က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်မထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်ငြိမ်းချမ်းသစ္စာ**
**အမှတ်(၄၄၂) ၊ ဦးထွန်းဖံလမ်း၊ (၉) ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်၊**
**ဖုန်း - ၀၉-၅၃၄၀၄၂၆၊ ၀၉-၆၉၁၄၀၂၅၆၃**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ကျောင်းကြီးအိုးတန်းရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် ၇/ကျောင်းကြီး၊ ဦးပိုင်အမှတ်-၉၂က၊ဧရိယာ (၀ဒသမ ၀၆၂)ဧက အနက်မှ ဧရိယာ(၀ဒသမ၀၂၄)ဧက အား ဒေါ်ခင်လေးရည်နှင့် ဒေါ်ချိုချိုမေတို့က အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာမှတ်ပုံတင် စာချုပ်ချုပ်ဆိုပြီး ဦးစံသိုက်ဦးထံသို့ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၀၇/၂၀၂၄ ဖြင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးပြီးဖြစ်သည့်အတွက် ဦးစံသိုက်ဦးမှ မိမိ၏အမည်ဖြင့် ဘိုးဘပိုင်အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင် အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွား မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးစံသိုက်ဦး**
**ပန်းဘဲတန်းလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အောင်ဇေယျရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၉/သူရိယ၊ ဦးပိုင်အမှတ် (၁၄၃)၊ ဧရိယာ (၀.၁၃၁)ဧကအနက်မှ ဧရိယာ (၀.၀၄၀)ဧကအား ဒေါ်နုနုဝင်း (ဘ)ဦးနု ၉/တကန(နိုင်)၀၀၃၇၉၉မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၆၈/၂၀၂၄)၊ တပ်ကုန်းမြို့နယ်၊ မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဦးပိုင်ခွဲမြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဦးပိုင်ခွဲ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့၊ တဲတော်ရာရပ်နေ၊ မကြည်လွဲလွဲအောင် ၉/တတဥ(နိုင်)၁၇၁၉၆၉၊ မမျိုးထက်ထက်အောင် ၉/တတဥ (နိုင်)၁၇၁၉၇၀တို့၏ ဖခင်မှာ ဦးပေါက်စ (ခ) ဦးအောင်ဇော် ၉/တတဥ (နိုင်)၀၇၅၄၂၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးပေါက်စ (ခ) ဦးအောင်ဇော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၁၀၊ ဦးပိုင်အမှတ်(၈၆)/၃၉E လမ်း၊ ၅၆x၅၇လမ်းကြားရှိ တောဂရန်မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဘဖေကွယ်လွန်၍ ကျန်ရစ်သူ ဇနီး ဒေါ်စိန်ရွှေ ၉/မရတ(နိုင်)၀၆၉၇၂၅ က တောဂရန်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ– ၂၀)
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၁၄

ဒေါ်နန်းဆိုင်နွံ နှင့် ဒေါ်သန္တာစော
(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်အေးရွှေဝင်း)

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ် (လလ–၁၇/၁၁) (ဈ) ရပ်ကွက်နေ ဒေါ်သန္တာစော(ဘ) ဦးစောမြင့် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

တရားပြိုင် ဒေါ်သန္တာစော(ဘ) ဦးစောမြင့်(၎င်း၏အထူးကိုယ်စားလှယ်စာရရှိသူ ဒေါ်အေးရွှေဝင်း) သင့်အပေါ်၌ တရားလို ဒေါ်နန်းဆိုင်နွံ(ဘ)ဦးစိုင်းကျော်လုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ–၁၇)ဦးပိုင်အမှတ် (၁၁)၊ ဧရိယာ (၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်အားဥပဒေနှင့်အညီ မှတ်ပုံတင်အရောင်းအဝယ်စာ ချုပ်ချုပ်ပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ နယုန်လဆုတ် ၃ ရက်)မွန်းမတည့်မီ (၁၀:၀၀) နာရီတွင်၊ အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင်၊ သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူ ဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၀ရက်နေ့ ဤရုံးတော်တံဆိပ်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သဲမာဖြိုးဦး)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် –၁၁၃

ဦးအောင်မျိုးမင်း နှင့် ဦးစိုးဝင်း

တရားလို တရားပြိုင်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ–ရပ်ကွက်) အကွက်အမှတ် (ပပ–၅၂/၃၃)နေ ဦးစိုးဝင်း(ဘ)ဦးတုတ်ဖြူ (၈/တကက(နိုင်)၀၁၂၉၆၇) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးအောင်မျိုးမင်းက ကတိပဋိညာဉ်တိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော် အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ စေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၄ရက် (၁၃၈၆ခုနှစ်၊ နယုန်လဆုတ် ၃) ရက်နေ့ မွန်းမတည့်မီ(၁၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကိုထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကိုသင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇွန်လ ( ၁၀ )ရက် နေ့တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဂျူးဂျူးစံ)**
**ဒုတိယမြို့ နယ်တရားသူကြီး (၁)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဓဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၄

ဒေါ်ခင်သီရိ နှင့် ဒေါ်ညိုလေး

တရားလို တရားပြိုင်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊မဟာမြိုင်(၁)ရပ်ကွက်၊ အကွက်အမှတ်(ခ–၆/၃၄)နေ (ဘ)ဦးချက်ဖောင်း၏သမီး ဒေါ်ညိုလေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်မြင့်မြင့်သိန်း ၁၁/ကဖန(နိုင်)၀၀၃၉၂၅ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန္ဒာခိုင် ၁၂/သဃက(နိုင်)၁၅၅၂၁၅ က အပြီးပိုင် ဝယ်ယူရန် စရန်ငွေပေးချေ ထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ငြိမ်းချမ်းရေးလမ်း၊ အမှတ်(၆၂/က)ဟုခေါ်သော မြေအကျယ်အဝန်း(၃၀ x ၇၂)ပေ ရှိသည့် မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲ ရောင်းချနိုင်သည်ဟု အဆိုပြုသူ ဦးအောင်မိုး ၁၂/စခန(နိုင်)၀၁၉၈၃၇ နှင့် ဦးအောင်သိန်းထွဋ် ၁၂/စခန(နိုင်)၁၇၇၈၄၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းနိုင်အောင် (LLB,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၃၆)**
**အမှတ်(၈၉)၊ မြကန်သာလမ်း၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၅၁၂၅၆၀၂၊ ၀၉-၆၆၉၅၁၄၆၃**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး-မုံရွာမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာမြို့-ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော FDA အသိအမှတ်ပြု (ဆေးဝါး/ဓာတ်ခွဲ/ဓာတ်မှန်ဆိုင်ရာဆေးပစ္စည်းများ/ဆေးရုံသုံး - ပစ္စည်းများ၊ Consumables များ၊ Consumable For Speciality &IHC Reagent များ)ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါသဖြင့် အစိုးရအသိအမှတ်ပြုကုမ္ပဏီများမှ ဒုတိယအကြိမ် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ (က) **တင်ဒါရောင်းချမည့် ရက်၊ အချိန်** - ၁၁-၆-၂၀၂၄ ရက်(အင်္ဂါနေ့) (၁၀:၀၀) နာရီ
(ခ) **တင်ဒါပိတ်မည့် ရက်၊ အချိန်** - ၁၀-၇-၂၀၂၄ ရက်(ဗုဒ္ဓဟူးနေ့) (၁၆:၀၀) နာရီ

၃။ အိတ်ဖွင့်တင်ဒါ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး မုံရွာမြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၇၁-၂၃၂၄၅ သို့ ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး**
**ခုတင်(၅၀၀)ဆံ့ပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/စီ၊ မြေကွက်အမှတ် (၁၉၃)၊ ကျားကွက်သစ်ရပ်ကွက်၊ ဘယသုဒ္ဓိလမ်း၊ တိုက်အမှတ် (၂)၊ (၂)ခန်းတွဲ (၂)ထပ်တိုက် အဆောက်အအုံမှ ပထမထပ် (၂)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း(၁၂½x၅၅)ပေ၊ အမြင့် (၁၄)ပေရှိ တိုက်ခန်း တစ်ခန်းနှင့် တိုက်ခန်းတွင် အခိုင်အမာ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများ အားလုံးအပါအဝင် အဆိုပါတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ပွင့်ရည်သိမ်း ၈/မကန(နိုင်)၀၀၀၅၇၀ က အရှုပ်အရှင်းကင်းရှင်း၍ မိမိကသာလျှင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်စောစန္ဒာဦး ၁၂/ပဇတ(နိုင်)၀၃၃၉၃၃ က အထက်ပါတိုက်ခန်းအား အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးတိုင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးနိုင်ဝင်းရှိန်** | **ဒေါ်ခင်ခင်ဝါ** |
| **(LL.B)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၉၂၂၉** | **စဉ် - ၁၉၂၂၈** |

**အမှတ် (၆၅၆ /က)၊ ရွှေအုတ်ဂူ (၆)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၂၀၂၆၀၅၅၉၊ ၀၉ -၄၄၄၃၉၂၈၂၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာမြိုင်လမ်း၊ အမှတ်(၈၇၃)၊ မြေတိုင်းအမှတ်(၃၁)၊ မြေကွက် အမှတ်-၈၇၃၊ အလျား ၆၀ပေxအနံ ၄၀ပေ၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ နှစ်(၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်မြင့်မြင့်သန်း( CJ-၀၀၁၆၇၀)ထံမှ (၂၈-၂-၁၉၉၇)ရက်တွင် ဒေါ်မိုးသီတာစိ(ခ)သီတာလွင်က လည်းကောင်း၊ ဒေါ်မိုးသီတာစိ(ခ)သီတာလွင် သေဆုံးပြီး ခင်ပွန်းဖြစ်သူ ဦးဝင်းကြိုင်ထံမှ ၈-၁-၂၀၁၁ ရက်တွင် ဦးစံအောင်+၁ ဒေါ်တင်ထွေးကလည်းကောင်း ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပါသည်။ လက်ရှိအခြေအနေတွင် ဒေါ်တင်ထွေး သေဆုံးပြီး၊ ပေ(၄၀x၆၀) အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်မြေ (အလျား၆၀ပေxအနံ၂၅ပေ)မြေပေါ်ရှိ သွပ်မိုး၊ ပျဉ်ထောင်၊ပျဉ်ခင်း၊ အိမ်အပါအဝင် ယင်းမြေကွက်ကို ဦးစံအောင်က မိမိတစ်ဦးတည်းသာလျှင် တရားဝင်လက်ဝယ် ပိုင်ဆိုင်ခွင့်ရှိပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငွေလင်းဦး ၅/ကဘလ(နိုင်)၁၃၇၉၇၉မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ၎င်းအိမ်အပါအဝင် မြေကွက်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးညိုငွေးနိုင် (LL.B,Q)**
**အထက်တန်းရှေ့နေ (စဉ်-၂၁၁၃၆)**
**အမှတ်(၃၈၅)၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်**
**ဖုန်း-၀၉-၅၀၃၂၅၇၀**

## အများသိစေရန်ကြေညာခြင်း

ကျွန်မ၏မိတ်ဆွေဖြစ်သည့် ဦးနိုင်ဆန္ဒဝင်း ၁၂/သဃက(နိုင်)၁၅၆၄၄၅ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ (၂၉)ရပ်ကွက်၊ မင်းဒင်(၄)လမ်း၊ အမှတ်(၄၃) ခန်း(၃)နေ ဦးနိုင်ဆန္ဒဝင်း ၁၂/သဃက(နိုင်)၁၅၆၄၄၅ နှင့် ဒေါ်ခင်သန္တာစိုး ၁၂/သကတ(နိုင်)၁၇၁၀၆၆ တို့သည် အကြင်လင်မယားဖြစ်ကြပြီး အသက်(၇)နှစ်အရွယ်သမီးလေးတစ်ယောက်ရှိပါသည်။ ၉-၆-၂၀၂၄ရက်(တနင်္ဂနွေနေ့)နေ့လယ်ခန့်က ဒေါ်ခင်သန္တာစိုးသည် ခင်ပွန်းဖြစ်သူ ဦးနိုင်ဆန္ဒဝင်းနှင့်ရန်ဖြစ်စကားများခြင်း အလျင်းမရှိပါဘဲနှင့် နေအိမ်မှ အိမ်ထောင်ပရိဘောဂပစ္စည်းများ (ကာလတန်ဖိုးငွေကျပ် သိန်း ၇၀ ဝန်းကျင်ရှိ)နှင့် အရှေ့ဒဂုံမြို့နယ်ရှိဦးနိုင်ဆန္ဒဝင်းအမည်ဖြင့်ဝယ်ယူထားသော မြေကွက်အမှတ်(၁၀၄)၊ မြေတိုင်းအမှတ်(၁၂၈) မြေအရောင်းအဝယ်စာချုပ်နှင့်အတူ သမီးဖြစ်သူအား ၎င်း၏သဘောဆန္ဒတစ်ခု တည်းဖြင့် ယူဆောင်၊ ခေါ်ဆောင်သွားပြီး နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းယူဆောင်သွားသော ပစ္စည်းများနှင့် မြေအရောင်းအဝယ်စာချုပ်အားရောင်းချခြင်း၊ ပေါင်နှံခြင်းများပြုလုပ်မည်ကို လက်မခံပါကြောင်း၊ ဇနီးဖြစ်သူဒေါ်ခင်သန္တာစိုးနှင့် သမီးလေးအား သတင်းစာကြေညာပါသည့်ရက်မှစ၍ (၁)ပတ်အတွင်း အမြန်ဆုံးပြန်လည်ဆက်သွယ်ပေးစေလိုကြောင်းနှင့် ၎င်းတို့သားမိနှစ်ဦးအား သွေးဆောင်ဖြားယောင်းခြင်း ခြိမ်းခြောက်ခြင်းများဖြင့် ခေါ်ဆောင်ဖုံးကွယ်ထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်ကလျာကျော်**
**အထက်တန်းရှေ့နေ စဉ်-(၅၂၇၆) (၃၁-၃-၂၀၂၀)**
**အမှတ်(၃၇၂)၊ကောလိယ(၃၂)လမ်း ၁၃ - ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၄၄၉၆၄၃၇၂၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ရွှေကြာပင်)၊ မြေကွက်အမှတ်(A-၀၉၈)၊ ဧရိယာ ၀ ဒသမ ၃၁၈ ဧကရှိ ဒေါက်တာလင်းထွန်းထွန်း (ဘ)ဦးဘညွန့် ၁၃/လရန(နိုင်)၀၁၀၀၂၅ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူမှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ရည်မွန်ချို(ဘ)ဦးအေးချို ၉/ခအဇ(နိုင်)၀၁၀၈၂၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ ပေ(၁၀၀ x ၁၀၀)၊ မြေကွက်အမှတ်(ဒ-၂၆၈၉)ရှိ ဒေါ်မေသူမင်းဇော်(ဘ)ဦးမင်းဇော် ၁၂/မရက(နိုင်)၁၅၃၈၁၂ အမည်ပေါက်မြေကွက်အား ဒေါ်မေသူမင်းဇော်ထံမှ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲအပ်စာအမှတ်(၅၆၇၅/၂၀၁၃)(၃-၄-၂၀၁၃) ရရှိထားသူ ဒေါ်တင်နွယ်အေး(ဘ)ဦးညီညီဇော် ၁၂/ဥကတ(နိုင်)၀၀၁၈၁၃ မှ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်(မူရင်း)တင်ပြ၍ မြေပေးမိန့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်တင်နွယ်အေး(ဘ)ဦးညီညီဇော် ၁၂/ဥကတ(နိုင်)၀၀၁၈၁၃ အား ထုတ်ပေး သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်(၂၅/၂၇) (၃-လွှာ)ဟုခေါ်တွင်သော (အလျား ၁၃ ပေ x အနံ ၄၀ ပေ) တိုက်ခန်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မာလာလမ်း၊ အမှတ်(၁၇) ဟုခေါ်တွင်သော အခန်းအမှတ်(A-3)၊ ပထမထပ်(၃-လွှာ) (အလျား ၁၈ ပေ x အနံ ၃၈ ပေ)ရှိ တိုက်ခန်းများအား ဦးမောင်မောင်အောင် ၁၂/ဗတထ(နိုင်)၀၃၆၆၇၅ ထံမှ ဒေါ်မြမြဝင်း ၈/ခမန(နိုင်)၁၀၄၅၃၅ မှ အဆက်ဆက် စာချုပ်စာတမ်းများဖြင့် ဝယ်ယူပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မြမြဝင်း ၈/ခမန(နိုင်)၁၀၄၅၃၅**
**အမှတ်(၁၇) (A-3)၊ ပထမထပ်(၃-လွှာ) မာလာလမ်း၊**
**(၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သီတာလမ်း၊ အမှတ်(၅၆)(B)၊ (၈)လွှာ၊ အကျယ်အဝန်းပေ(၁၅ x ၆၀)ရှိ လူနေတိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးကျော်မင်းထွဋ် ၁၂/မတန(နိုင်)၁၂၀၅၄၈ တို့ထံ အပြီးအပိုင်ဝယ်ယူရန် ၁၁-၆-၂၀၂၄ ရက်တွင် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းများနှင့်တကွ ခိုင်လုံသော သက်သေအထောက် အထားများနှင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေသဇင်**
**အမှတ်(၁၀)၊ မြို့သစ်(၃)လမ်း၊ ကျောက်မြောင်း။**
**ဖုန်း-၀၉-၇၈၆၈၆၉၅၇**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မလ္လကုန်းငွေကြွယ်(က)ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၆၇)ဟုခေါ် တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ ၃-လွှာ(တိုက်ရှေ့မျက်နှာမူလျှင်-ညာဘက်)၊ အကျယ်အဝန်း(၁၈ x ၆၀)ပေရှိ တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးချိုကြီးအောင် ၁၀/ရမန(နိုင်)၀၀၇၃၄၁ နှင့် ဒေါ်နေမျိုးဆွေ ၁၂/အစန(နိုင်)၀၀၁၈၄၆ တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်ထွန်းသိန်း ၁၁/မတန(နိုင်)၀၀၄၈၄၁ နှင့် ဒေါ်မြတ်စိုးအေး ၁၁/မတန(နိုင်)၀၁၂၁၈၇ တို့က အပြီးပိုင်ဝယ်ယူရန် စရန်ငွေပေး ချေထားပြီး ဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ် စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုမောင်(LL.B) (စဉ်-၂၂၇၄၇) ဒေါ်ဖြိုးဖြိုးအောင်(LL.B) (စဉ်-၄၈၄၃၁)**
**အထက်တန်းရှေ့နေများ**
**အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေ မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၁၈၀၀၇၊ ၀၉-၅၁၁၅၉၉၀၊ ၀၉-၅၁၈၃၅၆၉**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့
# (စီးပွားရေးရာဝန်ကြီးဌာန)
# ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ်၊ စည်ပင်သာယာရေးအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကျပ်သန်း (၂၀၀) အထက် စည်ပင်သာယာရေးလုပ်ငန်း Lot (၁၃) ခုအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | Lot No. | လုပ်ငန်း တည်နေရာ | လုပ်ငန်းအမည် | အတိုင်းအတာ |
|---|---|---|---|---|
| ၁ | Lot-1 | စစ်တွေ | မင်းဂံရပ်ကွက်(၁၃/၁၄)ရပ်ကွက်၊ ABC ကလေးဂေဟာ ဘေးလမ်းနှင့် ဆက်စပ်နေသည့်လမ်းအား ကွန်ကရစ်ခင်းခြင်း | (၅၆၂'x၂၀'x၈")၊ (၄၂၀'x၁၂'x၈")၊ ၂(၁၁၇၀'x၁၂'x၈") |
| ၂ | Lot-2 | စစ်တွေ | ပြည်တော်သာရပ်ကွက်နှင့် အနောက်စံပြရပ်ကွက်၊ မြင်းစီးပြင်လမ်းကွန်ကရစ်ခင်းခြင်း | (၂၀၃၀'x၂၄'x၈") |
| ၃ | Lot-3 | စစ်တွေ | စက်ရုံစုရပ်ကွက်၊ ဓမ္မစရိယတက္ကသိုလ်လမ်းသွယ်၊ ဝေသာလီရင်ပြင်ရှေ့ ကွန်ကရစ်ခင်းခြင်း | (၆၅၀'x၅၀'x၈") |
| ၄ | Lot-4 | စစ်တွေ | ဆတ်ရိုးကျရပ်ကွက်၊ ကယ်ဆယ်ရေး အကွက်(၂)လမ်း ကွန်ကရစ်ခင်းခြင်း | (၂၂၀၀'x၁၄'x၈ ") |
| ၅ | Lot-5 | စစ်တွေ | မှန်စီသုသာန်တွင် အမှိုက်စွန့်ပစ်သွားလမ်းအား ကွန်ကရစ်ခင်းခြင်း | (၂၁၇၀'x၁၄'x၈") |
| ၆ | Lot-6 | စစ်တွေ | ပြည်တော်သာရပ်ကွက်၊ မြို့ပတ်လမ်း (ခရိုင်စီမံကိန်းရုံးအနီး လမ်းဆုံ မှ သတ္တဌာနလမ်းဆုံထိ) လမ်းသားတိုးချဲ့ခြင်းနှင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း | (၂၄၃၀'x၂၆'x၄")၊ ၂(၂၄၃၀'x၄'x၁'-၆") |
| ၇ | Lot-7 | စစ်တွေ | ပြည်တော်သာရပ်ကွက်၊ သတ္တဌာနလမ်း (ပြည်ထောင်စုလမ်းဆုံမှ သတ္တဌာနတံတားအထိနှင့် သတ္တဌာနတံတားမှ လောကာနန္ဒာ မီးပွိုင့် လမ်းဆုံထိ) နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းသားတိုးချဲ့ခြင်း | (၆၃၀'x၃၄'x၄")၊ (၆၃၀'x၄'x၉")၊ (၁၄၃၀'x၂၅'x၄')၊ ၂(၁၄၃၀'x၃'x၁ '-၆") |
| ၈ | Lot-8 | စစ်တွေ | စစ်တွေမြို့မြောက်ဦးဓမ္မစင်တာအဝင်လမ်း ကွန်ကရစ်ခင်းခြင်းနှင့် Box Culvert (၁)စင်း တည်ဆောက်ခြင်းနှင့် အုတ်ရေမြောင်းပြုလုပ်ခြင်း | (၁၁၈၈'x၁၂'x၈")၊ (၄၀'x၇'x၅')၊ ၂(၁၁၈၈'x၂'-၆") |
| ၉ | Lot-9 | စစ်တွေ | စစ်တွေမြို့၊ ရှုခင်းသာလမ်းအပိုင်း(၃)ပွိုင့်စခန်းမှ စစ်တွေဟိုတယ် ဆင်း လမ်းဆုံအတွင်း ပျက်စီးသွားသောလမ်းပိုင်းအား (51.81m) အရှည် သံကူကွန်ကရစ် ရေတားနံရံ တည်ဆောက်ခြင်း၊ Platform ပြုလုပ်ခြင်းနှင့် ကွန်ကရစ်လမ်း တိုးချဲ့ခင်းပေးခြင်း | (၁၇၀') အရှည်၊ ၁၂' အမြင့်၊ (၁၇၀'x၁၀'x၄")၊ (၁၇၀'x၆.၅'x၈") |
| ၁၀ | Lot-10 | စစ်တွေ | စစ်တွေမြို့၊ ရှုခင်းသာလမ်းပေါ်ရှိ ပွိုင့်အပန်းဖြေစခန်းအား (39.62m) အရှည် ကွန်ကရစ်ရေတားနံရံ တည်ဆောက်ခြင်း၊ ကွန်ကရစ်လမ်းတိုးချဲ့ပေးခြင်းလုပ်ငန်း | (၁၃၀') အရှည်၊ ၁၂' အမြင့်၊ (၁၃၀'x၆.၅'x၈") |
| ၁၁ | Lot-11 | ကျောက်ဖြူ | GTI ကျောင်းအဝင်လမ်း ကွန်ကရစ်ခင်းခြင်း | (၁၄၇၁'x၁၆.၅'x၈") |
| ၁၂ | Lot-12 | အမ်း | အမ်းမြို့သစ်၊ မြို့ပတ်လမ်းကွန်ကရစ်ခင်းခြင်းနှင့် Box Culvert (၁) စင်း တည်ဆောက်ခြင်း | (၃၀၀၀'x၁၈'x၈ ")၊ (၆'x၂၀'x၃') |
| ၁၃ | Lot-13 | တောင်ကုတ် | ဗိုလ်ချုပ်လမ်း(အမ်းလမ်းမကြီး) ဘေးဝဲ/ယာ အုတ်ရေမြောင်းနှင့် မြောင်းအဖုံး ပြုလုပ်ခြင်း | ၂(၁၃၀၀'x၃'၆"x (၅'+၃'/၂))၊ (၂'x၃'-၆"x၄") |

၂။ တင်ဒါရောင်းချမည့်လိပ်စာနှင့် တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ စစ်တွေမြို့ဖြစ်ပြီး တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီသို့ လိပ်မူ၍ပေးပို့ရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာနှင့် စည်းကမ်းများကို ၁၃-၆-၂၀၂၄ ရက်မှ ၂၆-၆-၂၀၂၄ ရက်မှ ညနေ (၁၆:၀၀) နာရီ အထိ ရောင်းချသွားမည်ဖြစ်ပါသည်။

၄။ တင်ဒါလျှောက်လွှာများအား ၂၇-၆-၂၀၂၄ ရက်မှ ၃-၇-၂၀၂၄ရက် ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ တင်ဒါ တင်သွင်းရမည် ဖြစ်ပါသည်။

၅။ တင်ဒါဖွင့်လှစ်မည့်ရက်အား အသိပေး အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ရုံး ဖုန်း-၀၄၃ -၂၂၀၀၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## ကျန်းမာရေးဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ဆေးရုံအုပ်ကြီးရုံး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်သူ့ဆေးရုံကြီး ဘားအံမြို့မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း C-arm စက်ပြုပြင်ရန်အတွက် C-arm စက်၏ဆက်စပ်ပစ္စည်းများ (FRU Intensifierနှင့် Image Intensifier Power Supply) ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **လျှောက်လွှာပုံစံစတင် ရောင်းချမည့်ရက်** - ၁၈-၆-၂၀၂၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂-၇-၂၀၂၄ ရက်၊ ညနေ(၄:၀၀)နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်း အသေးစိတ်ကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်သူ့ဆေးရုံကြီး ဘားအံမြို့ ဖုန်း-၀၅၈၂၁၂၅၁ သို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
ပြည်သူ့ဆေးရုံကြီး ဘားအံမြို့

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မြေတိုင်းနှင့် လူနေရပ်ကွက်အမှတ်(၂၀)၊ မြို့မလမ်းရှိ ဦးခင်ဇော်ဦး အမည်ပေါက် ပေ(၂၀ x ၆၀)ရှိသည့် မြေချပါမစ်မြေကွက် အမှတ် (၁၃၂၂/ခ)မြေကွက်နှင့် မြေကွက်ပေါ်ရှိ(၁)ထပ်နေအိမ်တို့ကို အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

အထက်လိပ်စာပါ မြေကွက်အမှတ် ၁၃၂၂/ခ မြေကွက် ပေ(၂၀ x ၆၀)အနက်မှ ပေ(၁၀ x ၆၀)ခေါင်းရင်းဖက်ခြမ်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်တို့၏ အကျိုးခံစားခွင့်ကို ဝယ်ယူထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူဦးကျော်ဗိုလ်ဗိုလ် ၁၂/ဒပန (နိုင်) ၀၅၈၅၈၇ နှင့် ယင်းမြေကွက်အမှတ် (၁၃၂၂/ခ)ပေ (၁၀ x ၆၀) ခြေရင်းဖက် ခြမ်းရှိ မြေကွက်နှင့်မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်တို့ကိုရောင်းသူ ဒေါ်ဝင်းစိန် ၁၂/လမတ (နိုင်)၀၁၀၈၃၁ တို့ထံမှ ဒေါ်ခင်မာဝင်း ၁၁/စတန(နိုင်)၀၆၁၆၉၉ က လက်ရောက် ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ စာချုပ်၊ စာရွက် စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေအရ ပြီးစီးအောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော်(စဉ်-၈၆၇၃) ဦးအောင်နိုင်(စဉ်-၇၀၅၇)**
**တရားလွှတ်တော်ရှေ့နေများ**
**ရှေ့နေရုံးခန်း၊ ကွန်ဒိုတိုက်အမှတ် (၄၅၆)၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ၀၉-၅၀၇၀၈၀၄**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြေကွက်အမှတ်(ဒ-၆၃၀၇)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးတင်အောင် (ဘ)ဦးသာလှိုင် ၉/လဝန(နိုင်)၁၆၄၉၁၄ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်အေးအေးထွေး (ဘ) ဦးမှံစိန် ၁၃/ဆဆန(နိုင်)၀၉၅၃၅၂ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၆/ညောင်ပင်ကြီးစုရပ်)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်အမှတ်(ပ-၄၀၃) ဦးမောင်ပု (ဘ)ဦးပွင့် ၉/ပမန(နိုင်)၂၂၇၁၃၈ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်သန်းသန်းချို (ဘ)ဦးသိန်းအောင် ၁၄/ဟသတ(နိုင်) ၁၃၈၂၂၇ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက် မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၆)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ် (၁၆/၇၇၀)နေ ဦးထွန်းထွန်း(ဘ)ဦးအောင်သန်း ၁၂/ဥကမ (နိုင်)၁၇၅၀၀၀ မှ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ (၁၆)ရပ်ကွက်၊ ဦးပေါ်ဦးလမ်း၊ အမှတ်(၁၆/၇၇၀)နေ ဒေါ်သိမ့်သီရိထွန်း (ဘ) ဦးထွန်းထွန်း ၁၂/ဥကမ(နိုင်)၂၁၃၀၉၁ အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ၅-၅-၂၀၂၀ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၅၄၄၀/၂၀၂၀)ကို ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းထွန်း**
**၁၂/ဥကမ(နိုင်)၁၇၅၀၀၀**
**ဖုန်း-၀၉-၄၂၅၅၅၄၈၃၆**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ယမုံနာ(၂)ရပ်ကွက်၊ စံပြ(၂)လမ်း၊ အမှတ်(၁၆၄)၊ ခေါင်းရင်းခန်း၊ စတုတ္ထထပ်(၅-လွှာ)၊ ဧရိယာ(၁၁ပေခွဲ x ၄၇ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လျက်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးစိုးမင်းဦး ၁၂/ဗတထ(နိုင်)၀၀၀၈၀၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအေးချမ်းကြည် ၉/ညဥန(နိုင်)၂၃၂၅၁၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပြည့်ဖြိုးလွင်(LL.B,D.B.L,D.I.L,D.M.L)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၅/၂၀၁၈)
အမှတ်(၁၂)၊ မြသီရိလမ်းသွယ်လမ်း၊ အေဝမ်း၊ (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်-၀၉-၇၇၇၇၅၆၇၄၂

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းနှင့်လူနေရပ်ကွက်အမှတ် (၇၉)၊ ရွှေစံပယ်လမ်းရှိ ဦးမြင့်လွင်+ဦးဘိုဘိုထွေး အမည်ပေါက်ရှိသည့် ပေ(၄၀ x ၆၀)ရှိသော နှစ် (၆၀)မြေငှားဂရန်မြေကွက်အမှတ် (၁၄၉၅)အနက်မှ ပေ(၂၀ x ၆၀)ရှိ ဦးမြင့်လွင် အမည်ပေါက် (ခေါင်းရင်းဖက်ခြမ်း)ရှိ မြေကွက်အမှတ်(၁၄၉၅)မြေကွက်နှင့် မြေကွက်ပေါ်ရှိ (၁)ထပ်နေအိမ်တို့ကို အရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း**

အထက်လိပ်စာပါ မြေကွက်နှင့်နေအိမ်တို့ကို ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ကြောင်းနှင့် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းမရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းသူ ဒေါ်လှစိန် ၁၁/ရဗန(နိုင်)၀၈၆၃၀၂ ထံမှ ဦးကျော်ဗိုလ်ဗိုလ် ၁၂/ဒပန(နိုင်) ၀၅၈၅၈၇ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း သက်ဆိုင်ရာ စာချုပ်၊ စာရွက်စာတမ်းမူရင်းများနှင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်း လွှဲပြောင်းခြင်း အက်ဥပဒေအရပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်သိန်းကျော် (စဉ်-၈၆၇၃) ဦးအောင်နိုင်(စဉ်-၇၀၅၇)**
**တရားလွှတ်တော်ရှေ့နေများ**
**ရှေ့နေရုံးခန်း၊ ကွန်ဒိုတိုက်အမှတ် (၄၅၆)၊ ပထမထပ်၊ ကမ်းနားလမ်းနှင့် လမ်းမတော်လမ်းထောင့်၊ (၁)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၀၅၄၉၇၀၊ ၀၉-၅၀၇၀၈၀၄**

## တစ်ဦးတည်းဖြစ်ကြောင်း

မကွေးမြို့ အ-လ-က(ခွဲ)ရန်အောင်မှ အလယ်တန်းပြ ဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်မြင့်မြင့်စိန် ၈/ပခက(နိုင်)၀၃၆၄၆၆ မှာ နိုင်ငံသား စိစစ်ရေးကတ်နှင့် အထက်တန်း အောင်လက်မှတ်အရ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်မြင့်မြင့်သန်း(ခ)ဒေါ်မြင့်မြင့်စိန်**

## ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ မင်းပြားမြို့နေ မရီရီထွေး (ဘ)ဦးစိန်သာဦး ၁၁/မပန (နိုင်)၁၁၉၃၇၆၏ နိုင်ငံကူးလက်မှတ် အမှတ် MG-၉၃၇၂၅၉ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၁၀၄၆၂၃၄**

## နိုင်ငံကူးလက်မှတ်ပျောက်ဆုံးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်နေ ကိုမင်းကိုကို ၁၂/ဒဂတ (နိုင်)၀၆၉၀၀၃ ၏ နိုင်ငံကူး မှတ်ပုံတင်အမှတ် MG-524342 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ် အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉-၉၇၀၈၅၃၃၀၀၊ ၀၉-၂၅၀၆၉၆၂၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၉၃၆၃၉ Yinxiang-110 ယာဉ်လက်ဝယ်ရှိသူ ဦးလှဌေး ၉/အမဇ(နိုင်)၀၂၄၈၈၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/89527 Luojia-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသားညီ ၁၄/ကကထ(နိုင်) ၂၃၁၆၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး ပုသိမ်မြို့**

## အမည်မှန်

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ အထက(နှစ်ကရင်) Grade-1 မှ (ဘ)ဦးသော်ဇင်မင်းထွဋ်၏ သမီး မခြူးလရိပ်ထယ်၏ အမည်မှန်မှာ မခြူးလရိပ်ထည် ဖြစ်ပါကြောင်း။

**မခြူးလရိပ်ထည်**

## ကန့်ကွက်နိုင်ပါကြောင်း

ကျွန်မ ဒေါ်ယဉ်ယဉ်မြ၏ နေပြည်တော်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ချပေးခဲ့သည့် နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ သုခဒီပရပ်ကွက်၊ ရေဝတီ လမ်း၊ ခြံအမှတ်-၂၁၇၁၂၊ စလစ်နံပါတ်-၂၁၇၁၂၏ အကျယ်အဝန်း (အလျားပေ၆၀x အနံပေ၈၀)မူရင်းစလစ်ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်မြ ၁၂/ဥကမ(နိုင်)၀၂၀၈၇၇**

## သားအဖြစ်မှအမွေပြတ်စွန့်

ကျွန်တော် ဦးမောင်ကြည် ၁၀/မဒန(နိုင်)၀၁၅၇၇၁၊ ကျွန်မ ဒေါ်သိန်းညွန့် ၁၀/မဒန(နိုင်)၀၁၆၉၉၉တို့၏ သား မောင်ဝင်းဇော်ထိုက် ၁၀/မဒန(နိုင်) ၁၀၄၀၆၈ သည် မိဘတို့၏ ဆိုဆုံးမမှုကို လက်မခံစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ မောင်ဝင်းဇော်ထိုက်နှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

**ဦးမောင်ကြည်** **ဒေါ်သိန်းညွန့်**
**၁၀/မဒန(နိုင်)၀၁၅၇၇၁** **၁၀/မဒန(နိုင်)၀၁၆၉၉၉**

## မိဘအမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့နယ်၊ အထက(၂)အိမ်မဲ၊ Grade-11 (A) မှ မအေးလေး၏ မိဘအမည်မှန်မှာ(ဦးသက်ထွန်းနိုင်)နှင့် ဒေါ်နွယ်နီသွင် ၁၄/အမန(နိုင်)၀၉၂၄၉၇ ဖြစ်ပါကြောင်း။

## အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းမြင့်နိုင် (Chairman, ASIA WORLD Group of Companies)-ဒေါ်စီစီလျာ တို့၏ မိခင်ကြီး ဒေါ်ကျုန်းဖူးရှင်း အသက်(၉၆)နှစ်သည် (၉၆) ပါးသောရောဂါဖြင့် ၆-၆-၂၀၂၄ရက် (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရကြောင်း။

**Global World Insurance Co.,Ltd.**

**Global World Insurance(Life) Co.,Ltd.**

## ဦးစိန်လင်း(ပုလောမြို့)
### အသက်(၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ်(၄)ရပ်ကွက်၊ ရွှေသရဖီ(၄)လမ်းနေ (ဦးမြတ်ဖေ-ဒေါ်ဖြူ)တို့၏သား၊ ဒေါ်မေရီလှ၏ခင်ပွန်း၊ မဥမ္မာ လင်း၊ ကိုရန်နိုင်လင်း၊ ကိုအောင်ထွန်းလင်း၊ ကိုဇာနည်လင်းတို့၏ ချစ်လှစွာသော ဖခင် ဦးစိန်လင်းသည် ၁၁-၆-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၄ရက် (စနေနေ့) နံနက် ၁၁:၃၀နာရီတွင် နေအိမ်မှ ပုလောမြို့သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**ကျန်ရစ်သူမိသားစု**

### ပုလောမြို့နယ်အသင်း (ရန်ကုန်)
## ဦးစိန်လင်း (ပုလောမြို့)
### ယာယီ-အတွင်းရေးမှူး၊ အဝေးရောက်အမှုဆောင်အဖွဲ့ (ပုလော)
### အသင်းဝင်အမှတ် - ၁၂၇၄
### အသက် (၇၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ အမှတ် (၄)ရပ်ကွက်၊ ရွှေသရဖီ(၄) လမ်းနေ ဒေါ်မေလှရီ၏ခင်ပွန်း ဦးစိန်လင်း (ယာယီအတွင်းရေးမှူး၊ အဝေးရောက် အမှုဆောင်အဖွဲ့(ပုလော)သည် ၁၁-၆-၂၀၂၄ ရက် (အင်္ဂါနေ့) နံနက် (၂) နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၂၄ ရက် (စနေနေ့) နံနက် (၁၁:၃၀) နာရီတွင် နေအိမ်မှ ပုလောမြို့ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

**နာယက၊ အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
### ပုလောမြို့နယ်အသင်း (ရန်ကုန်)
## ဦးစိန်လင်း (ပုလောမြို့)
### ယာယီ-အတွင်းရေးမှူး၊ အဝေးရောက်အမှုဆောင်အဖွဲ့ (ပုလော)
### အသက် (၇၅)နှစ်

ပုလောမြို့ နယ်အသင်း၏ကိစ္စအဝဝကို ဦးလည်မသုန် တာဝန်ကျေပွန်စွာ နှစ်ရှည်လများကြိုးစားဆောင်ရွက်ခဲ့သော ပုလောမြို့နယ်အသင်း(ရန်ကုန်)၊ အဝေးရောက်အမှုဆောင်အဖွဲ့(ပုလော) ယာယီအတွင်းရေးမှူး ဦးစိန်လင်းသည် ၁၁-၆-၂၀၂၄ ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်ခဲ့သည့်အတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နာယက၊ အမှုဆောင်အဖွဲ့**
**ပုလောမြို့နယ်အသင်း(ရန်ကုန်)**
**အဝေးရောက်အမှုဆောင်အဖွဲ့(ပုလော)**
**အဝေးရောက်အမှုဆောင်အဖွဲ့(မြိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် (၄၁၄-က)၊ ဦးပိုင်အမှတ် (၁/လ/၂)၊ ၂၂လမ်းx ၂၆လမ်းကြား၊ ၆၀ လမ်းရှိ ဦးမြဝင်း အမည်ပေါက်ခွဲကျန်ဂရန်မြေကွက်အား (ခင်ပွန်း)ဖြစ်သူ ဦးမြဝင်း ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၂၇၄/၂၀၁၅)ဖြင့် ဇနီးဖြစ်သူ ဒေါ်ယဉ်ညိုက အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး မိခင်ဖြစ်သူ ဒေါ်ယဉ်ညို ကွယ်လွန်၍ ကျန်ရစ်သူသား၊ သမီးများဖြစ်ကြသော ဒေါ်ခင်ခင်မိုး ၉/မရမ(နိုင်) ၀၁၈၁၂၂၊ ဒေါ်ကျင်ကျင်စိုး ၉/မရမ(နိုင်)၀၂၀၀၀၈၊ ဒေါ်ယဉ်ယဉ်တိုး ၉/မရမ(နိုင်) ၀၂၀၀၀၇၊ ဒေါ်ဖြူဖြူဖြိုး ၉/မရမ(နိုင်)၀၁၈၂၂၃၊ ဦးအောင်လှိုင်မျိုး ၉/မရမ(နိုင်)၀၁၈၁၆၇တို့က ဦးပိုင်ခွဲမိနံ့၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်၁၀၊ ဦးပိုင်အမှတ်(၈၅)/၃၉E လမ်း၊ ၅၆x၅၇ လမ်းကြားရှိ တောဂရန် မြေကွက်အား အမည်ပေါက်သူ ခင်ပွန်း ဦးဘဖေ ကွယ်လွန်၍ ကျန်ရစ်သူဇနီး ဒေါ် စိန်ရွှေ ၉/မရတ(နိုင်) ၀၆၉၇၂၅က တောဂရန်၊သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ် ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါ်ခင်ငြိမ်းနွယ်
### အလုပ်ရုံစုမှူး(ငြိမ်း)
### ရေတာရှည် သကြားစက်
### အသက်(၈၅)နှစ်

ရန်ကုန်မြို့နေ (ဦးလှကျော်-ဒေါ်အေးချစ်)တို့၏သမီး၊ ရေတာရှည်မြို့၊ ဆင်ဖြူရှင်လမ်း၊ (၄)ရပ်ကွက်နေ (ဦးကျော်ဝေ)(လ/ထစက်ရုံမှူး-ငြိမ်း)၊ ရေ တာရှည်သကြားစက်၏ ဇနီး၊ (ဦးညွန့်သန်းဦး)(အထပြ၊ ကျွဲကူး၊ မြိတ်မြို့)၊ Capt ဝင်းနိုင်-ဒေါ်စန်းစန်းမြင့်၊ ဦးတင်မောင်စိုး (1/E, KTM Shipping)-ဒေါ်စုစုဝင်း(အလပြ-ငြိမ်း)၊ ဦးဇော်လင်း-ဒေါ်စိုးစိုးအေး၊ ဒေါ်ငွေငွေဝေ(မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ-၃)၊ ရန်ကုန်တို့၏ မွေးသမိခင်၊ မဝေမွန်မြတ်နိုင်၊ မောင်အဏ္ဏဝါပြည့်စုံအောင်၊ မောင်ဖြိုးသန့်နိုင်၊ မောင်သံလွင်ဦးတို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၁-၆-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၂၄ရက် တွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်သန်း
### B.Com (1977) ပုလဲမွန်အိမ်ရာကော်မတီ ဒု-ဥက္ကဋ္ဌ
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်-ဒေါ်သန်းကြည်)တို့၏သား၊ မန္တလေးမြို့နေ (ဦးသက်တင်-ဒေါ်ငြိမ်း)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ တိုက်အမှတ် ၁၇၊ ပုလဲမွန်အိမ်ရာ၊ ၆၅ ရပ်ကွက်နေ ဒေါ်ခင်မြတ်သက် (ညွှန်မှူး-ငြိမ်း၊ ဆသရဝန်ကြီးရုံး)၏ ချစ်လှစွာသော ခင်ပွန်း၊ တောင်ဥက္ကလာပမြို့နယ်နေ (ဒေါ်ခင်ရီ)၊ (ဒေါ်ဝင်းကြည်)၊ ဒေါ်အိန္ဒြာထေရီတို့၏ ချစ်လှစွာသော မောင်၊ တူ၊ တူမ ၁၃ ယောက်တို့၏ ချစ်လှစွာသော ဦးလေးသည် ၁၂-၆-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၃:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၄-၆-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ် မည်ဖြစ်ပါသဖြင့် မွန်းလွဲ ၁နာရီ အရောက်ကြွရောက်ပေးကြပါရန် မိတ်ဆွေများအား ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဟိန်းလင်းထက်(ခ)တုံးတုံး
### အသက်(၂၃)နှစ်

ရေနံချောင်းမြို့နေ (ဦးစီကုန်း-ဒေါ်တင်ရီ)တို့၏မြေး၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောတောင်ရပ်ကွက်၊ ငုဝါလမ်း၊ အမှတ်(၈၅)၊(၆)လွှာနေ (ဦးဝမ်စိန်)-ဒေါ်ကြည်တို့၏မြေး၊ (ဦးစိန်လင်း)-ဒေါ်မိုးမိုးဝင်းတို့၏သား၊ မောင်အောင်လင်းထက်(ခ) ပေါင်ပေါင်း၏ညီ၊ မောင်ဟိန်းလင်းထက် အသက်(၂၃)နှစ်သည် ၁၁-၆-၂၀၂၄ရက်(အင်္ဂါနေ့) နံနက် ၉:၄၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၄ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၇၀)၊ ပန်းတင်ကုန်းအကွက်၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ဒသမ ၁၃၀)ကေရှိ ဦးဝင်းနွယ်အမည်ဖြင့် မှတ်သားထားရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကုန်စုံလမ်း ၊ အမှတ်(၁)နေ မေဝ့ါ(ခ)ဒေါ်ဝါဝါခိုင်မှဘိုးဘပိုင်မြေကို အမည်ပြောင်းလဲမှတ်သားပေးပါရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့်ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကိုဆောင်ရွက်ပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း ၃၀ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာန၊ပုသိမ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော် ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒု-တကက မောင်မောင်လွင် (ကိုယ်ပိုင်အမှတ် ၅၀၄၃၅၄)၊ မှတ်ပုံတင်အမှတ် ၁၂/ဒဂန(နိုင်)၀၀၂၇၆၇ (ဘ) ဦးဘဆန်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င)၃၄၁၈ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်စန်းစန်းရီ ၁၂/ဒဂန(နိုင်)၀၀၂၇၄၂ (ဘ)ဦးတောင်ပေါ်ခန့်မှ တရားဝင်အမွေခံဇနီးဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မှုရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု-တကက မောင်မောင်လွင် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးထွန်းလွင်
### ဘူမိ/ရူပဗေဒ အရာထမ်း(ငြိမ်း)(ဘ.ခ.ရ)
### အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ်(၅၂-က)နေ (ဦးကျော်-ဒေါ်ကြူစိန်)တို့၏ချစ်လှစွာသောသားကြီး၊ (ဦးသိန်းအောင်-ဒေါ်တင်အုန်း)တို့၏ သားသမက်၊ ဦးသောင်းလွင်၊ ဦး သောင်းထွန်း၊ ဒေါ်သန်းထွေးတို့၏ ချစ်လှစွာသော အစ်ကိုကြီး၊ ဒေါ်ခင်လတ်ဦး (ဒု/ညွှန်မှူး၊ အငြိမ်းစား၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုအာကာလွင်၊ မဟေမာလွင်၊ မစုနန္ဒာလွင်တို့၏ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင် ဦးထွန်းလွင်(ဘူမိ/ရူပဗေဒအရာထမ်း၊ အငြိမ်းစား)သည် ၁၂-၆-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်၇:၁၀နာရီတွင် ၉၆ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၄-၆-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင်ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဦးမြင့်သန်း
### B.Com (1977) ပုလဲမွန်အိမ်ရာကော်မတီ ဒု-ဥက္ကဋ္ဌ
### အသက် (၇၄)နှစ်

ရန်ကုန်မြို့နေ (ဦးမြင့်-ဒေါ်သန်းကြည်)တို့၏သား မန္တလေးမြို့နေ (ဦးသက်တင်-ဒေါ်ငြိမ်း)တို့၏သား သမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ တိုက်အမှတ် ၁၇၊ ပုလဲမွန်အိမ်ရာ၊ ၆၅ရပ်ကွက်နေ ဒေါ်ခင်မြတ်သက် (ညွှန်မှူး-ငြိမ်း၊ ဆသရဝန်ကြီးရုံး)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်မြတ်ထွန်း-ဒေါ်ဖြူဖြူသန့်၊ ဦးဉာဏ်လင်းထက်-ဒေါ်မြင့်သက်ထား၊ ဦးခန့်ကျော်-ဒေါ်စန္ဒီစိုးဦး၊ ဒေါ်ကြည်လဲ့မိုးတို့၏ ချစ်လှစွာသော ဖခင်၊ မောင်ဝေယံထွန်း၏ ချစ်လှစွာသော ဘိုးဘိုးသည် ၁၂-၆-၂၀၂၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၀၃:၅၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီးဖြစ်ပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၁၄-၆-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၁နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် မွန်းလွဲ ၁နာရီ အရောက် ကြွရောက်ပေးကြပါရန် မိတ်ဆွေများအား ရိုသေလေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုတို့မှ ဘုရားအမှူးရှိသော သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသဖြင့် ၁၈-၆-၂၀၂၄ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ နံနက် ၁၀နာရီအထိ တောင်ဒဂုံမြို့နယ်၊ တိုက်အမှတ် ၁၇၊ ပုလဲမွန်အိမ်ရာ ၆၅ ရပ်ကွက်ရှိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်မီမီတင်
### အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ ၃၉(B)ရပ်ကွက်၊ အမှတ် ၃၉၉(B)၊သမာဓိ(၁)လမ်း နေ (ဦးဟန်တင်-ဒေါ်ခင်မမ) တို့၏သမီးထွေး၊ ဦးမင်းဆွေ၏ဇနီး၊ ကိုစစ်နိုင်၊ ကိုဆွေလင်းအောင်၊ မလမင်းဆွေတို့၏မိခင်၊ (ဦးမင်းအောင်)-ဒေါ်ဝေဝေတင်၊ ဦးကျော်မင်းဦး-ဒေါ်သက်သက်တင်တို့၏ညီမ၊ မောင်မင်းသန့်ကိုကို၊ မဝန်းရံသာတို့၏အဘွား ဒေါ်မီမီတင်သည်၁၁-၆-၂၀၂၄ရက်ည ၈:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၄ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။

(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/52670, Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၇/နတလ(နိုင်)၁၆၆၂၄၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဆရာစံလမ်းသွယ်၊ ပထမထပ်-အေ၊ အမှတ်(၈၄-ဂျီ/၈၄-အီး)တိုက်ခန်း အပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ် အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးမြတ်သူ ၁၂/တမန(နိုင်) ၀၉၆၄၅၀ ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးမြင့် ၁၁/မအန(နိုင်) ၀၆၃၈၀၇က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စုစုခိုင်(LL.B,D.B.L,D.I.L)** | **ဒေါ်ခင်စောသိန်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၅၃)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၂၈၆)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅လမ်း(အောက်)၊**
**ကျောက်တံတား မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/10761 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ထက်သဥ္ဇာကြည် ၈/ဆပဝ(နိုင်) ၀၉၂၀၁ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရမည်းသင်း)**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်းအမှတ် (၁၆က/၅)၊ ဦးပိုင်အမှတ် (၄၆/၁)၊ မြေချိန်ဧရိယာ (၀.၀၈၀)ကေရှိ မြေကွက်သည် မူလက ဒေါ်သူဇာဝင်း အမည်ဖြင့် (၅-၁၁-၂၀၅၂) ရက်နေ့ထိ(၃၀)နှစ်မြေငှားဂရန်ရရှိခဲ့ ပါသည်။ ဂရန်အမည်ပေါက် ဒေါ်သူဇာဝင်းက (၁၀-၄-၂၀၂၄)ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၈၉/၂၀၂၄) အရ ဦးဂမ်မော်အောင်၊၁/ကမန(နိုင်)၀၂၈၂၉၁ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးဂမ်မော်အောင် အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခု ကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွေ့ာ်အရာရှိ၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အများသိစေရန် ကြေညာခြင်း

ရွှေဘိုမြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၁)၊ အကွက်အမည် ပြင်ဈေးမြောက်ရပ်၊ ဦးပိုင်အမှတ် (၆၈အ/၇)၊ ဧရိယာ (၀.၁၂၀)ကေကို ဘိုးဘပိုင်အမည်ပြောင်းရန် ရွှေဘိုမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးအောင်ကျော်မိုးမှ လျှောက်ထားလာသည့်အတွက် ယင်းတို့၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူရှိပါက ၂၀၂၄ခုနှစ်၊ ဇူလိုင်လ ၅ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွအောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**ရွှေဘိုမြို့**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလ ငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိမိတို့နိုင်ငံသည် ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ထားသည့် နိုင်ငံဖြစ်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် အဓိကကျပါသည်။ တိုင်းရင်းသား အချင်းချင်း စည်းလုံးညီညွတ်စေရန် အတွက် အရေးကြီးဆုံးနှင့် အလိုအပ်ဆုံးမှာ ပြည်ထောင်စုစိတ်ဓာတ် မွေးမြူကြရေးပင် ဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျရောက်သော (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီး‌ဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် ဇွန် ၁၂**

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၁၈ ရက်) အင်္ဂါနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများ အက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁၁၅/၂၀၂၄ ဖြင့် ကြေညာထားသည်။ **သတင်းစဉ်**

## လာမည့်ရာသီတွင် အိုးထရက်ဖို့ဒ်၌ နည်းပြ တန်ဟတ်ဆက်ရှိမည်

အဲရစ်တန်ဟတ်သည် ကလပ်အသင်းဘုတ်အဖွဲ့က ရာသီကုန်သုံးသပ်မှုများပြုလုပ်ပြီးနောက် မန်ယူအသင်းနည်းပြအဖြစ် ဆက်လက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

မန်ယူအသင်းသည် စာချုပ်သက်တမ်းနောက်ဆုံးနှစ်အပိုင်းအခြားသို့ ရောက်ရှိလာသော နည်းပြတန်ဟတ်ကို စာချုပ်သစ်ချုပ်နိုင်ရေး ဆွေးနွေးလျက်ရှိသည်။ မန်ယူအသင်းသည် အက်ဖ်အေဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲပြီးနောက် မကြာမီတွင် ၎င်းတို့၏ ရာသီကုန်သုံးသပ်မှုများ စတင်လုပ်ဆောင်ခဲ့သည်။ *စာမျက်နှာ ၈ ကော်လံ ၁* ◆



နည်းပြ အဲရစ်တန်ဟတ်။



ရန်းတောင်ကြိုးပြင်ကာကွယ်တော၏ သဘာဝရှုခင်းပုံ။

## ရန်းတောင်ကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင်ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ(င) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ချင်းပြည်နယ် ဟားခါးခရိုင် ဟားခါးမြို့နယ်အတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း ၁၅၁၇ ဧကရှိသော နယ်မြေကို "ရန်းတောင်ကြိုးပြင်ကာကွယ်တော" အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၄) အရ ၁၃၈၆ ခုနှစ် ကဆုန် လပြည့်ကျော် ၁၄ ရက် (၂၀၂၄ ခုနှစ်၊ ဇွန်လ ၅ ရက်) မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ❖

### ယနေ့ သတင်းအညွှန်း

**ပြင်းထန်သည့် လေထုမငြိမ်သက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် ခရီးသည်များကို စင်ကာပူလေကြောင်းလိုင်းမှ လျော်ကြေးငွေ ပေးမည်ဟု ကြေညာ**

နိုင်ငံတကာသတင်း စာ ၁၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်၌ ငွေကျပ် ၅ ဒသမ ၇ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၅၀၀ ကီလိုနှင့် ကက်တမင်း ၂၀၀ ကီလို ဖမ်းဆီးရမိ**



ပြည်တွင်းသတင်း စာ ၁၅